မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၆ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် စာပေလောကနှင့် စာပေလောကသားများအကျိုးကို ဖော်ဆောင်ရင်း ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးမှု အဖွင့်နိဒါန်းတွင် တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ထမ်းဆောင်ခွင့်ရကြမည်

အမျိုးသားရေး အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် ရှုမြင်ပြီး ပူးပေါင်းလက်တွဲပါဝင်ကြ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကို မေ ၁၆ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာ၌ ဝန်ကြီးက ယနေ့ညီလာခံသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အခြေခံစည်းမျဉ်းနှင့်အညီ လေးနှစ်တစ်ကြိမ်ကျင်းပရသည့် ပဉ္စမအကြိမ်မြောက် ညီလာခံဖြစ်ကြောင်း၊ ညီလာခံများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ လေးနှစ်တာကာလအတွင်း စာပေလောကနှင့် စာပေလောကသားများအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့အကျိုး၊ ဒေသအကျိုး စသည့်လုပ်ငန်းများတွင် ဗဟိုနှင့်မြို့နယ်အဖွဲ့အသီးသီးက မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့ကြသည်ကို အပြန်အလှန် ဆွေးနွေးသုံးသပ်ကြပြီး လာမည့် လေးနှစ်တာကာလအတွက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလေးအနက်ယုံကြည်

ထို့ကြောင့် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန် ဝေဖန်ဆွေးနွေး အကြံပေးကြရင်းက ချစ်ခင်ရင်းနှီး ညီညွတ်စွာဖြင့် *စာမျက်နှာ ၈ ကော်လံ ၁* ❐

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၇

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၂၀၁၀ခုနှစ် မေ ၁၇ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

တည်ထောင်ခွင့်ပြု

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၃၃)ဖွဲ့အနက် (၂၈)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့ (၂၈)ဖွဲ့အနက် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် မေ၁၇ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

စိစစ်ဆောင်ရွက်

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၃၈)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၁၇)ပါတီအနက် ပါတီ(၅)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မောင်မောင်မြင့်ဆွေ၏ 'ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနေသည့် မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း' သတင်းဆောင်းပါးကို စာမျက်နှာ (၇)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၈ ရက်)

ကျေးလက်စာကြည့်တိုက်ဖောင်ဒေးရှင်း အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေလ ၁၅ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်၍ အမှာစကားပြောကြားခဲ့ပေသည်။

စာကြည့်တိုက်ဖောင်ဒေးရှင်း ထူထောင်ရခြင်း၏ရည်ရွယ်ချက်သည် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် ကူညီဆောင်ရွက်ပေးသွားရန်ဖြစ်ပြီး ဖောင်ဒေးရှင်း၏ အခြေခံမူဝါဒမှာလည်း အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေရာခိုင်နှုန်း ၇၀ခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်လျက်ရှိကြသည်။ ကျေးလက်နေပြည်သူများအတွက် စာအုပ် စာပေ လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက်များ ထူထောင်ထားရှိပေးရန် လိုအပ်ပေသည်။

နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားလာမည်ဖြစ်ပြီး အသိပညာဗဟုသုတ မြင့်မားလာသည်နှင့်အမျှ ပြည်သူများအနေဖြင့် ဒီမိုကရေစီ အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်ကြမည်ဖြစ်သည်။

အနာဂတ်ကာလတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို အခြေခံပြီး အင်တာနက်စနစ် ချိတ်ဆက်ကာ Community Learning Center များအဖြစ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ဆောက်ခြင်းသည် အသိပညာ၊ အတတ်ပညာ ဗဟုသုတမြင့်မားရေးအတွက်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်ပေသည်။

နိုင်ငံတော်တည်ဆောက်ရေးတွင် ကျေးလက်ပြည်သူများ၏အခန်းကဏ္ဍသည် အဓိကကျသည်နှင့်အမျှ ပြည်သူအများစုရရှိသည့် ကျေးလက်များကို ရုပ်ပိုင်းအရ ဖွံ့ဖြိုးတိုးတက်ရန်၊ စိတ်ပိုင်းအရ ပိုမိုတိုးတက်လာရန် အထောက်အကူပြုမည့် ကျေးလက်စာကြည့်တိုက်ဖောင်ဒေးရှင်းကို အောင်မြင်ရှင်သန် ဖြစ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း တွံတေးမြို့နယ်၌ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၁၅ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နယ်မြေအတွင်းရှိ ကျေးရွာများဖြစ်သော ထိန်ကုန်းနှင့် အထက်တမာတကောကျေးရွာများသို့ရောက်ရှိ၍ အပူချိန်လွန်ကဲမှုကြောင့် မိုးဦးနောက်ကျသည့်အတွက် ရေပြတ်လပ်လျက်ရှိသည့် ကျေးရွာအတွင်းရှိ ရေကန်များ၊ ရေတွင်းများအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေလိုအပ်ချက်ကို တွက်ချက်ကာ ယခုထက် ပိုမို ရေသိုလှောင်နိုင်မည့် တွင်းတိမ်တွင်းနက်၊ မြေသားရေကန်အခြေအနေတို့ကို အင်ဂျင်နီယာများနှင့် တွက်ချက်၍ စာရင်းကောက်ယူသည်။

ဖြန့်ဝေမှု

ထို့နောက် ညွှန်ကြားရေးမှူးသည် ကျေးရွာထိပ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ကျေးရွာသူကျေးရွာသားများ၊စာသင်ကျောင်း၊ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်း၊ လူမှုရေးအသင်းအဖွဲ့များအား သောက်သုံးရေ စနစ်တကျဖြန့်ဝေပေးနေမှုများကို စစ်ဆေးကြည့်ရှုသည်။ (ဝဲပုံ)

အပြည့်အဝ

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ရေခက်ခဲသည့် ကျေးရွာ ၁၁ရွာကို မေ ၁၂ရက်မှစတင်၍ အလှူရှင်၊ စေတနာရှင်၊ လူမှုရေးအဖွဲ့များ၊ မီးသတ်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများက ထိုသို့ ရေသယ်ယာဉ်မျိုးစုံဖြင့် လှူဒါန်းဝေငှ ဆောင်ရွက်ပေးလျက်ရှိသည်။ ရေလိုအပ်ချက်ဖြစ်ပါက စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အပြည့်အဝကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သူတော်ကောင်းတို့၏ အမှတ်အသား** တရားတော် (ဒုတိယပိုင်း) (ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၄)
- ၈:၃၀ Sports World (Sports Maria)
- ၈:၅၅ Activities in the City (အလိုတော်ပြည့် အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား)
- ၉:၀၅ ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ
- ၉:၁၅ သီးပွင့်ဝေဆာ····လေးဝတီမှာ
- ၉:၄၀ Cartoon Show Time (The Fox And The Hound-2)
- ၁၀:၂၀ အေးချမ်းဆိတ်ငြိမ်မှုတို့ဖြစ်တည်ရာ ထားဝယ်စန္ဒကူးမြိုင် သာသနာ့ရိပ်သာ
- ၁၀:၃၅ သင်ကြားရေးလမ်းညွှန် (Star Resources)
- ၁၁:၀၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁၁:၂၀ ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
- ၁၁:၃၅ ပြန်လည်ခံစားတေးဖွဲ့သီ [မိုးကျော်လှိုင် (ရွှေဘို)] **ပြန်လာခဲ့ပါ မိကျေးရယ်** တေးစီးရီး
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (ရင်သွေးရတနာပျိုးခင်းမူလတန်းကြိုဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ)
- ၁၂:၁၅ စားချင်စရာ ငါးချဉ်အရသာ
- ၁၂:၃၅ သီးပွင့်ဝေဆာ····လေးဝတီမှာ
- ၁:၀၀ **သူတော်ကောင်းတို့၏ အမှတ်အသား** တရားတော် (ဒုတိယပိုင်း) (ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (We Love You Michael-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၄)
- ၄:၀၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၄:၂၀ ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ
- ၄:၄၀ အေးချမ်းဆိတ်ငြိမ်မှုတို့ဖြစ်တည်ရာ ထားဝယ်စန္ဒကူးမြိုင် သာသနာ့ရိပ်သာ
- ၄:၅၅ Activities in the City (အလိုတော်ပြည့် အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား)
- ၅:၁၀ World of Knowledge (Hyper Rescue Tokyo)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (ဇေယျာ)
- ၆:၄၅ ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
- ၇:၀၀ Fashion Music Festival (We Love You Michael-2)
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ရင်သွေးရတနာပျိုးခင်း မူလတန်းကြိုဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (The Fox And The Hound-2)
- ၉:၁၅ Celebrity Style (ဇေယျာ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၄)
- ၁၀:၀၀ Sunday Talk
- ၁၀:၄၀ သင်ကြားရေးလမ်းညွှန် (Star Resources)
- ၁၁:၀၅ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ
- ၁၁:၁၅ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
- ၁၁:၃၅ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
- ၁၁:၅၅ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
- ၁၂:၀၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၉။ **၄က်တစ်သောင်း**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ **Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဆောက်သမ်းမြန်မာနှင့် ဇေယျာရွှေမြေအသင်း)**
- ၅:၀၀ ၂။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၅:၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ရသစာပေ အရေး အသားအထူးပြုများ (အရှေ့တိုင်းပညာ)
- ၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၄၀ ၅။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၀ ၉။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၂)
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၆)
- ၁၅။ ရုပ်ရှင်ပဟေဠိ
- ၁၆။ အစီအစဉ်ပြီး၏။

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

မူဆယ်မြို့နယ်၌ ရေလုံလောက်စွာ ဖြန့်ဝေလျက်ရှိ

မူဆယ် မေ ၁၇

မူဆယ်မြို့ ရေပေးရေးလုပ်ငန်းမှ ရေလှောင်ကန်ရေဝင်မှု၊ ရေဝေကန် ရေလုံလောက်စွာ သိုလှောင်နိုင်မှုနှင့် မြို့သို့ ရေလုံလောက်စွာ ဖြန့်ဝေနိုင်မှုကို မေ ၁၄ရက်က အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကိုတို့ ကွင်းဆင်းစစ်ဆေးရာ ရေပေးဝေရေးလုပ်ငန်းတာဝန်ခံ ဦးမာတူးက ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ဖြန့်ဖြူးပေးဝေနိုင်

မူဆယ်မြို့ မြို့ပေါ် ကိုးရပ်ကွက်သို့ သောက်သုံးရေဖြန့်ဖြူးပေးသော မြို့ရေပေးရေးတောင်ကုန်းရှိ ဂါလန် ၁၀သိန်းဆံ့ ရေဖြန့်၊ ရေဝေကန်မှာ ယခုခြောက်သွေ့ရာသီတွင် ရေလုံလောက်စွာ ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

(မြို့နယ်စည်ပင်)

*** ကျောဖုံးမှ**

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်၊ ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ မြင်းမူမြို့ တပင်ရွှေထီးရပ်ကွက်၊ မြောင်မြို့နယ် အုန္နဲဘုတ်ကျေးရွာ၊ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ၊ ဝက်လက်မြို့နယ် အရှေ့ရွှေကျင်ကျေးရွာ၊ တမာကန်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ အင်းဘဲတောင်ကျေးရွာ၊ ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာ၊ ဆားလင်းကြီးမြို့နယ် ဇီးတောကျေးရွာများရှိ ပြည်သူများသောက်သုံးရေ အဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက အဖွဲ့ပိုင် ရေသယ်ယာဉ် ၁၅စီးနှင့် မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေဂါလန် စုစုပေါင်း ၂၀၀၀၀ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကန်ကုန်းကျေးရွာနှင့် ထပ်ခနိမ်ကျေးရွာ၊ ကဝမြို့နယ် ရစ်ကန်ကြီးနှင့် သက္ကလကျေးရွာများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ရေသယ်ယာဉ်များနှင့် မီးသတ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကို မေ ၁၆ရက်တွင် ကြည့်ရှုအားပေးပြီး သောက်သုံးရေလိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်း သောက်သုံးရေဖူလုံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ရေသယ်ယာဉ်လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ မြို့ပြနှင့်ကျေးလက်ရေပေးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များ ညှိနှိုင်းပေးခြင်း လက်ရှိရေအရင်းအမြစ်များအပြင် အသေးစား ရေသန့်စင်သည့် နည်းစနစ်များဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရေး တို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်း သနပ်ပင်မြို့နယ်ရှိ ကျေးရွာ ၃၀မှ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် အဖွဲ့ပိုင်ရေသယ်ယာဉ်ခြောက်စီး၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ၏ ရေသယ်ယာဉ်ငါးစီးတို့ဖြင့် သောက်သုံးရေဂါလန် ၁၅၀၀၀၀ကိုလည်းကောင်း၊ ကဝမြို့နယ်ရှိ ကျေးရွာ ၆၀သို့ အဖွဲ့ပိုင် ရေသယ်ယာဉ်လေးစီး၊ မီးသတ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေဂါလန် ၈၀၀၀၀ကို လည်းကောင်း နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ဝေါမြို့နယ်

အလားတူ ဝေါမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ရွာမှပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် အဖွဲ့ပိုင်ရေသယ်ယာဉ်သုံးစီး၊ မီးသတ်ယာဉ်တစ်စီး၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်တို့၏ ရေသယ်ယာဉ် ၁၃ စီးတို့ဖြင့် သောက်သုံးရေ ဂါလန် ၄၉၀၀၀ကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများသည် မေ ၁၆ရက်တွင် ဝေါမြို့နယ် ဧကရာဇ်ကျေးရွာ၊ ကျိုက်လှကျေးရွာ၊ အဗှားဘိုတဲကျေးရွာများရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် အဖွဲ့ပိုင်ရေသယ်ယာဉ်များ၊ ဌာနဆိုင်ရာ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးမှု၊ ဝေါမြို့နယ်အတွင်းရှိ မင်္ဂလာကန်ရေပေးဝေမှုနှင့် သောက်သုံးရေ လက်ကျန် အခြေအနေနှင့် ဝေါမြို့မှ စေတနာရှင်ပြည်သူများ၏ အလှူငွေထည့်ဝင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရေလှောင်ကန် တာပေါင်ဖို့ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်း သာစည်မြို့နယ်၌ ကျေးရွာအုပ်စု၊ ရပ်ကွက် (၈၇)အုပ်စုနှင့် ကျေးရွာပေါင်း ၂၄၅ရွာရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသအာဏာပိုင်များညှိနှိုင်း၍ ရေအခက်အခဲတွေ့ကြုံနေရသည့်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၅ ရက်တွင် သာစည်မြို့နယ် ရွာပလဲလေးကျေးရွာနှင့် အခြားကျေးရွာများသို့ အဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ President နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ President Dr. Nongluck Phinainitisart နှင့် အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာ၌ သောက်သုံးရေပေးဝေနေမှုကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ပဲခူးတိုင်း ဝေါမြို့နယ် စိုင်တီစုကျေးရွာ၌ အလှူရှင်များက ရေပေးဝေနေစဉ်။ (နယ်စပ်/စည်ပင်)

ပဲခူးတိုင်း ဝေါမြို့နယ် အဗှားငှက်ချေးဝင်း ဖက္ကလိပ်ကျေးရွာ၌ ရေသယ်ယာဉ်များဖြင့် ရေပေးဝေနေစဉ်။ (နယ်စပ်/စည်ပင်)

တွံတေးမြို့နယ်

အလားတူ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် တာဝန်ရှိသူများသည် မေ ၁၅ ရက်တွင် တွံတေးမြို့နယ် ထိန်ကုန်းနှင့် အထက်တမာ တကောကျေးရွာများသို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆေးပေးခန်း၊ လူမှုရေးအသင်းအဖွဲ့များအား သောက်သုံးရေ စနစ်တကျ ဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ မေ ၁၆ရက်တွင် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာသို့ သွားရောက်ပြီး အဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ကျေးရွာပြည်သူတို့အား သောက်သုံးရေ ဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ရေခက်ခဲသော ကျေးရွာ ၁၁ရွာအား မေ ၁၂ရက်မှစတင်၍ ဒေသအာဏာပိုင်၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် စေတနာရှင်ပြည်သူများက နေ့စဉ်ရေသယ်ယာဉ်မျိုးစုံဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ပုတောမြို့နယ် ကြောင်တောင်ကုန်းကျေးရွာ၌ သောက်သုံးရေပေးဝေမှုကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

ဧရာဝတီတိုင်း

ထို့အတူ ဧရာဝတီတိုင်းအတွင်း သောက်သုံးရေခက်ခဲသော ကျေးရွာများအတွက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဒေသအာဏာပိုင်၊ မီးသတ်တပ်ဖွဲ့၊ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အဖွဲ့ပိုင်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၆ ရက်တွင် ဖျာပုံမြို့နယ် မော်ဘီနှင့် အောက်တွင်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၄၈၀၀ ကိုလည်းကောင်း၊ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး၊ ကျွန်းသာယာ၊ စက်ဆန်း၊ တောင်ကြီး၊ မောမန်၊ ငါးပိချောင်း၊ သကံဝနှင့် ခနဲ့ချောင်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၉၅၀၀ကို လည်းကောင်း၊ ပုတောမြို့နယ် လိပ်ချောင်း၊ ကြောင်တောင်ကုန်း၊ စဥ့်အိုးဖိုနှင့် ဒယ်ကုန်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၄၈၀၀ ကို လည်းကောင်း၊ အိမ်မဲမြို့နယ် ထိန်ငူနှင့် ကျောင်းစုကျေးရွာများသို့ သောက်သုံးရေ ဂါလန် ၂၄၀၀ ကိုလည်းကောင်း၊ ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာသို့ သောက်သုံးရေဂါလန် ၈၀၀ကိုလည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

ယခုနွေရာသီ ဥတုပူပြင်းခြောက်သွေ့သဖြင့် ဒေသအချို့၌ သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းလျက် သောက်သုံးရေ ရရှိရေး အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်မြို့နယ် အုန္နဲဘုတ်ကျေးရွာ၌ သောက်သုံးရေပေးဝေမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ဗြိတိန်နှင့် အာဖဂန်နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရန် အာဖဂန်သမ္မတကာဇိုင်းနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ လိုလား

လန်ဒန် မေ ၁၇

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ဧည့်သည်တော် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်တွေ့ဆုံဆွေးနွေးကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက မေ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆွေးနွေး

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း အနေဖြင့် အာဖဂန်နစ္စတန်သမ္မတအား လက်ခံတွေ့ဆုံခြင်းမှာ ဝန်ကြီးချုပ်ရာထူး လက်ခံပြီးနောက် ပထမဆုံးအကြိမ် ပြည်ပ ဧည့်သည်ကို လက်ခံတွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။

လက်ခံတွေ့ဆုံ

အာဖဂန်နစ္စတန်သမ္မတအား ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၄င်း၏ကျေးလက်ချက်ကားစံအိမ်၌ လက်ခံတွေ့ဆုံခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် အမေရိကန်နိုင်ငံဝါရှင်တန်မြို့တော်မှ အာဖဂန်နစ္စတန်နိုင်ငံသို့အပြန် ဗြိတိန်နိုင်ငံကို ခရီးတစ်ထောက်နား ဝင်ရောက်လာခြင်း ဖြစ်သည်။

ဖော်ပြ

ဗြိတိန်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုခိုင်မာရန် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းတို့လိုလားကြသည်ဟုလည်း သတင်းတွင်ဖော်ပြပါရှိသည်။

(အင်တာနက်)

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း။

ဂါဇာကမ်းမြောင်သိမ်းပိုက်စဉ်အတွင်း အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း အိုးအိမ်များ ဖျက်ဆီးခဲ့

တဲလ်အဗစ် မေ ၁၇

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်းဝင်ရောက်တိုက်ခိုက်ခဲ့စဉ် အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းလူမျိုးများ၏ အိုးအိမ်နှင့် အဆောက်အအုံများအား ဦးတည်ဖျက်ဆီးခဲ့သည့် သာဓကရှိကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က မေ၁၆ရက်တွင် ပြောကြားသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ကို ထိုးစစ်ဆင်ခဲ့သည့်ဖြစ်ရပ် ၁၂ခု၌ အိုးအိမ်များ ဖျက်ဆီးခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုက်တွန်း

မေလဆန်းက ထုတ်ပြန်ခဲ့သည့် ယင်းအစီရင်ခံစာ၌ အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းအရပ်သားများ၏ အိုးအိမ်၊ စက်ရုံ၊ လယ်ယာမြေများအပါအဝင် စည်းစိမ်ဥစ္စာများကို ၄င်းတို့ထိန်းချုပ်ထားရာဒေသများတွင် ဖျက်ဆီးခဲ့သည့် သာဓကများပါရှိသော အဆိုပါအစီရင်ခံစာတွင် ယင်းပြစ်မှုများအပေါ် စုံစမ်းစစ်ဆေးပြီး ဖျက်ဆီးခိုင်းသည့်အမိန့် ထုတ်ပြန်သူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် တိုက်တွန်းထားသည်။

(အင်တာနက်)

ဘဂ္ဂဒက်တိုက်ပွဲအတွင်း အယ်လ်ခိုင်ဒါခေါင်းဆောင်ဖမ်းဆီးမိ

ဘဂ္ဂဒက် မေ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းဒေသ၌ ဖြစ်ပွားသည့်တိုက်ပွဲအတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့က မေ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဖမ်းဆီးနိုင်

ဘဂ္ဂဒက်မြို့တောင်ပိုင်းဒေသတွင် တာဝန်ယူလုပ်ဆောင်နေသည့် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် မူဇာဟင်မိုဟာမက်ဟိုရန်အား လာတီဖယာမြို့တိုက်ပွဲအတွင်း အီရတ်တပ်ဖွဲ့မှ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဒေသမှ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အက်တာက သတင်းထောက်များအား ပြောကြားသည်။

ခန့်အပ်ခြင်းခံရ

လွန်ခဲ့သည့်လက အီရတ်နှင့် အမေရိကန်တပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးတွင် အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင်နှစ်ဦး သေဆုံးခဲ့ရပြီးနောက် မူဇာဟင်မှာ ခေါင်းဆောင်သစ်အဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်သည်။

ရာနှင့်ချီ

၄င်းထိပ်တန်း ခေါင်းဆောင်နှစ်ဦး သေဆုံးပြီးနောက် အီရတ်နိုင်ငံတစ်ဝန်း အဓိကတိုက်ပွဲကြီးများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ မကြာမီကာလက အရပ်သားရာနှင့်ချီ သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ကွီတာမြို့၌ မေ ၁၇ ရက်က သဘာဝဓာတ်ငွေ့ပိုက်လိုင်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ချီကာဂို မေ ၁၇

တရုတ်ပြည်တွင် အစိုးရ၏အခြေခံအဆောက်အအုံပိုင်းထိရောက်စွာရင်းနှီးမြှုပ်နှံမှုနှင့် မြို့ပြစီမံကိန်းဖော်ဆောင်ရေးလုပ်ငန်းစဉ်တို့ကြောင့် လာမည့်အနှစ်၂၀အတွင်း တရုတ်စီးပွားရေးဆက်လက်၍ လျှင်မြန်စွာတိုးတက်သွားစေမည်ဖြစ်ကြောင်း မေ၁၅ရက်တွင် ထင်ရှားသည့်စီးပွားရေးပညာရှင် ဂျပ်စတင်လင်းက ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ချီကာဂိုတက္ကသိုလ်၌ ကျင်းပသည့် တရုတ်နိုင်ငံနှင့် အနာဂတ်ကမ္ဘာ့စီးပွားရေး ညီလာခံ၌ တရုတ်စီးပွားရေးပညာရှင်နှင့် ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌ ဂျပ်စတင်လင်းက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

လာမည့်အနှစ်၂၀အတွင်း တရုတ်စီးပွားရေး လျှင်မြန်စွာ ဆက်လက်တိုးတက်နေမည်

အကောင်းမြင်

အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံအစိုးရ၏စွမ်းဆောင်မှုနှင့် စပ်လျဉ်း၍ ဂျပ်စတင်လင်းက များစွာအကောင်းမြင်သည်။

၂၀ရာစုအတွင်း အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့စဉ်အတွင်းမှာပင် တရုတ်အစိုးရသည် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားဖွံ့ဖြိုးရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ခဲ့သည်ဟု ၄င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် ဖိလစ်ပိုင်သမ္မတ တက်ရောက်မည်

မနီလာ မေ ၁၇

ဗီယက်နမ်နိုင်ငံ၌ လာမည့်ဇွန်လအတွင်းကျင်းပရန်စီစဉ်ထားသည့်(၁၉)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(ဒဗလျူအီးအက်ဖ်)သို့တက်ရောက်ရန် ဖိတ်ကြားသည်ကို ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂဲလ်အာရိုယိုက လက်ခံလိုက်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူက မေ၁၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပခဲ့သည်ကိုကမ္ဘာတစ်ဝန်းမှစီးပွားရေးလုပ်ငန်းရှင်များအား အသိပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ဖိလစ်ပိုင်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုပိုမိုလာမည်ဖြစ်ကြောင်း၊ထို့ကြောင့် ယင်းအစည်းအဝေးသည် ဖိလစ်ပိုင်နိုင်ငံအတွက် အလွန်အရေးပါသည့်အစည်းအဝေးပင် ဖြစ်ကြောင်း ဆာလုဒိုက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဒါလင်းမြို့၌ အဋ္ဌမအကြိမ်မြောက် ဒါလင်းနိုင်ငံတကာ လမ်းလျှောက်ပွဲတော် ကျင်းပနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

လေကြောင်းစွမ်းရည်ပြ

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ လေတပ်အခြေစိုက်စခန်းအပြင်ဘက်၌ လေကြောင်းစွမ်းရည်ပြသနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန်နျူကလီးယားအစီအစဉ်ဆွေးနွေးရန် ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားတီဟီရန်သို့ ရောက်ရှိ

တီဟီရန် မေ ၁၇

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းအဖြေရှာရေး နောက်ဆုံးကြိုးပမ်းချက်အဖြစ် အီရန်ခေါင်းဆောင်များနှင့် ဆွေးနွေးရန် တီဟီရန်မြို့သို့ မေ၁၆ရက်က ရောက်ရှိလာသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရန်အားထပ်မံ ပိတ်ပင်အရေးယူရေး သဘောတူညီမှုရလုနီးပြီဟု အမေရိကန် အရာရှိများက သတိပေးထားသည်။

အီရန်နိုင်ငံကမူ ၄င်း၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် အသုံးပြုမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလျက်ရှိသည်။

(အင်တာနက်)

ကနေဒါနှင့် ပနားမား ကုန်သွယ်မှု သဘောတူညီချက် လက်မှတ်ရေးထိုး

အော့တဝါ မေ ၁၇

ကနေဒါနိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး ဗန်လုံးနှင့် ပနားမားကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးရောဘတ်တိုဟင်နာကွက်စ်တို့သည် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်အပါအဝင် အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များကို မေ ၁၄ရက်၌ တစ်ပြိုင်တည်းလက်မှတ်ရေးထိုးကြသည်။

အာမခံနိုင်

မိမိတို့အစိုးရနှစ်ရပ်အနေဖြင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်လက်မှတ်ရေးထိုးမှုသည် အမေရိကဒေသအတွင်း ဈေးကွက်သစ်ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး ကနေဒါနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုမှ ပြန်လည်နိုးထလာသည့်အလျောက် ကနေဒါနှင့် မိမိတို့ကုန်သွယ်ဖက်နိုင်ငံများ၏ အနာဂတ်ကြီးပွားချမ်းသာမှုကို အာမခံနိုင်မည်ဖြစ်ကြောင်း ဗန်လုံးက ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အနည်းဆုံးလူ ၆၀ပြန်ပေးဆွဲခံခဲ့ကြရ

အစ္စလမ္မာဘတ် မေ ၁၇

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုများဒေသတွင် စစ်သွေးကြွများက အနည်းဆုံးလူ၆၀ကို ပြန်ပေးဆွဲသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က မေ၁၆ရက်တွင် ကြေညာသည်။

ပြန်ပေးဆွဲ

၄င်းတို့က ရဲဝတ်စုံဝတ်ဆင်ထားကာ ယာဉ်တန်းများကိုချုံခိုတိုက်ခိုက်ပြီးနောက် မော်တော်ယာဉ်များပေါ် စီးနင်းလိုက်ပါသူများအား ဓားစာခံအဖြစ် ဖမ်းဆီးပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံရသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်ကြောင်း၊ ယခုအချိန်အထိ မည်သည့်အဖွဲ့အစည်းကမျှ ၄င်းတို့လက်ချက်ဖြစ်သည်ဟု ကြေညာခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့က မေ ၁၆ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ရာသီဥတုပြောင်းလဲမှုဒဏ် လူသားတို့ခံစားနေကြရ

တိုး
ရေးသားသည်

မြောက်ဝင်ရိုးစွန်းတစ်နေရာ၌ ရေခဲများ ပျော်ကျနေသည့် မြင်ကွင်း….။

ရာသီဥတုပြောင်းလဲမှုက လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် ဗဟိဒ္ဓကမ္ဘာကြီးကို ခြိမ်းခြောက်လာကြောင်း ကမ္ဘာ့ပြည်သူတို့ ယခု ပိုမိုသိရှိလာကြသည်။

၁၂၇နိုင်ငံ၌ ဂေါလပ်လူထုသဘောထားစစ်တမ်းကို ၂၀၀၇-၂၀၀၈ခုနှစ်များအတွင်းက ကောက်ယူရာ၌ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး ပိုမိုပူနွေးလာသည်ကို ကမ္ဘာ့ပြည်သူ သုံးပုံတစ်ပုံက သတိမမူမိကြသေးကြောင်း သိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှ ပြည်သူများလောက် ဤကိစ္စကိုမသိကြ။ အာဖရိကပြည်သူများမှာ ပို၍ပင်သတိမမူ၊ မသိရှိကြဟုဆိုသည်။ ဤအကြောင်းကို သိသူများတွင် ကမ္ဘာကြီး အပူချိန်မြင့်မားလာရခြင်းမှာ လူ့ပယောဂကြောင့်ဖြစ်ကြောင်း လက်တင်အမေရိက ပြည်သူများ အသိဆုံးဖြစ်သည်ဟု ဂေါလပ်စစ်တမ်း၌ ဖော်ပြပါရှိသည်။

ဖော်ပြ

၂၁ရာစုနှစ်အတွင်းတွင် ကမ္ဘာ့မျက်နှာပြင်အပူချိန် ၁ဒသမ၁မှ၆ဒသမ ၄ စင်တီဂရိတ်အထိ တိုးလာဖွယ်ရှိကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်းချင်းအဖွဲ့ (အိုင်ပီစီစီ) နောက်ဆုံးထုတ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာကြီးပိုမိုပူနွေးလာသည့် အထောက်အထားများတွင် ကမ္ဘာ့ပျမ်းမျှလေထုနှင့် သမုဒ္ဒရာအပူချိန် လက်တွေ့တိုးတက်မြင့်မားမှု၊ နှင်းနှင့်ရေခဲပြင် ပိုမိုအရည်ပျော်ကျမှုနှင့်တကွ ကမ္ဘာ့သမုဒ္ဒရာရေပြင် မြင့်တက်လာမှုတို့ပါဝင်သည်။ ကမ္ဘာကြီး ပိုမိုပူနွေးလာမှု၏ အရိုးစင်းဆုံးတိုင်းတာမှုမှာ ကမ္ဘာ့မြေမျက်နှာ ပြင်အနီးမှ ပျမ်းမျှအပူချိန်တက်လာမှုဖြစ်သည်။

အပူချိန်မြင့်

ယခုတစ်လော အပူချိန်မြင့်မားမှုနှင့် မုတ်သုံမိုးအလာနောက်ကျမှုကြောင့် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကို ကြုံတွေ့ကြရသည်။ ယခုကဲ့သို့ အပူချိန်မြင့်မား သည့်နှစ်များကို ဖြတ်သန်းခဲ့ဖူးပါသည်။ ထိုနှစ်များမှာ ၁၉၉၈ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့ဖြစ်ကြသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ (ဒဗလျူအမ်အို)နှင့် ရာသီဥတုသုတေသနဌာနတို့၏ ခန့်မှန်းချက်များတွင် နှစ်ပေါင်း ၁၀၀၀အတွင်း ၁၉၉၈ခုနှစ်မှာ အပူဆုံး နှစ်ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ်မှာ ဒုတိယအပူဆုံးနှစ်ဖြစ်ကြောင်း မှတ်တမ်းများက ဖော်ပြခဲ့သည်။

မကြုံဖူးအောင်

၁၉၉၈ခုနှစ်မှာ မကြုံဖူးအောင်ပူပြင်းသည်။ ရာစုနှစ်အတွင်း ထိုနှစ်က အယ်နီညို အပြင်းထန်ဆုံးနှင့် ကြုံသဖြင့် ထိုမျှစံချိန်တင်ပူပြင်းခြင်းဖြစ်သည်။ အပူချိန်ပြောင်းလဲမှုမှာ ကမ္ဘာ့နေရာအလိုက်မတူညီချေ။ ၁၉၇၉ ခုနှစ်မှစ၍ မြေထုအပူချိန်မှာ သမုဒ္ဒရာအပူချိန်ထက် နှစ်ဆပိုများသည်။ သမုဒ္ဒရာအပူချိန်သည် မြေပြင်အပူချိန်ထက် ပိုမိုနှေးကွေးစွာ တိုးတက်သည်။ သမုဒ္ဒရာမှရေသည် အငွေ့ပျံပြီး အပူကိုပိုမိုထုတ်ပစ်နိုင်သည်။

ပိုမိုမြန်ဆန်

ကမ္ဘာ့မြောက်ခြမ်းက ကမ္ဘာ့တောင်ခြမ်းထက် ပိုမိုမြန်ဆန်စွာပူနွေးသည်။ ကမ္ဘာ့မြောက်ခြမ်းတွင် ကုန်းမြေပိုမိုများခြင်း၊ ရာသီအလိုက် ဆီးနှင်းနှင့်ရေခဲဖုံးဒေသ ကျယ်ကျယ်ပြန့်ပြန့်ရှိသည့်အတွက်ဖြစ်သည်။ ကမ္ဘာ့မြောက်ခြမ်းတွင် ကမ္ဘာ့တောင်ခြမ်းထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်သော်လည်း တောင်ခြမ်းနှင့်မြောက်ခြမ်း ပူနွေးမှုမခြားနားပေ။

ဖန်လုံအိမ်

အဓိကဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များမှာ ရေခိုးရေငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီသိန်းနှင့်အိုဇုန်းတို့ဖြစ်သည်။ စက်မှုတော်လှန်ရေးပေါ်ပေါက်ကတည်းက လူ့ပယောဂကြောင့် လေထုအတွင်းတွင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ပိုများလာသည်။ ထိုအထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့က ရှေ့ဆုံးမှနေရာယူထားသည်။ မီသိန်း၊ အိုဇုန်းနှင့် နိုက်ထရပ်အောက်ဆိုက်တို့ ပါဝင်ကြသည်။

အဆမတန်

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် မီသိန်းပါဝင်မှုမှာ ၁၇၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ၃၆ ရာခိုင်နှုန်းနှင့် ၁၄၈ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။ ပါဝင်မှုနှုန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၆၅၀၀၀၀ အတွင်း မည်သည့်ကာလကထက်မဆို အဆမတန်များကြောင်း တွေ့ရသည်။

ပြောင်းလဲလာ

လွန်ခဲ့သည့် အနှစ် ၂၀ ကျော်အတွင်း လူ့ပယောဂကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပိုများလာရာတွင် လေးပုံသုံးပုံမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို မီးရှို့ခြင်းကြောင့်ဖြစ်သည်။ ကျန်အများစုမှာ ပြောင်းလဲလာသော မြေအသုံးချမှု အထူးသဖြင့် တောပြုန်းခြင်းကြောင့်ဖြစ်သည်။

မျက်မှောက်ခေတ် ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားမှုကို ဖန်တီးရာတွင် အဓိကတရားခံမှာ လူသားပင်ဖြစ်ကြောင်း အဆင့်ဆင့်သောသိပ္ပံအစီရင်ခံစာများ အထူးသဖြင့် အိုင်ပီစီစီ၏ သုံးသပ်ချက်ကို ဖော်ပြထားသည်။

မြန်ဆန်စေ

၁၇၁၂ ခုနှစ်တွင် ရေနွေးငွေ့အင်ဂျင်ကို တီထွင်နိုင်ခြင်းဖြင့် စက်မှုတော်လှန်ရေးနှင့် စက်မှုလုပ်ငန်းတွင် ကျောက်မီးသွေး သုံးစွဲရေးကို လမ်းဖွင့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ရာသီဥတု ပြောင်းလဲမှု မြန်ဆန်စေခဲ့သည်။

တစ်ဖန် ဖန်တီးသူလူသားထုကို ပြန်သုံးသပ်မည်ဆိုလျှင် ၁၈၀၀ ပြည့်နှစ်တွင် ၁ဘီလီယံသာရှိသည့် ကမ္ဘာ့လူဦးရေမှာ ၁၉၃၀ ပြည့်နှစ်တွင် ၂ ဘီလီယံ၊ ၁၉၆၀ ပြည့်နှစ်တွင် ၃ ဘီလီယံ၊ ၁၉၇၅ ခုနှစ်တွင် ၄ ဘီလီယံ၊ ၁၉၈၇ ခုနှစ်တွင် ၅ဘီလီယံနှင့် ၁၉၉၉ ခုနှစ်တွင် ၆ ဘီလီယံစသည်ဖြင့် တိုးတက်လာသည်ကို တွေ့ရသည်။ လူ့ပယောဂဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းမှာ ကမ္ဘာကြီးပိုမိုပူနွေးစေသည့် အဓိက အကြောင်းရင်းဖြစ်ကြောင်း အခိုင်မာဆုံးသာဓကအဖြစ် ၂၀ရာစု ဒုတိယပိုင်းကတည်းက ပြခဲ့သည်။

ထို့ကြောင့်ပင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထိန်းချုပ်ရေးကို ဆောင်ရွက်နေရပေပြီ။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ကိုပင်ဟေဂင်ထိပ်သီးအစည်းအဝေးကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ၌ ကျင်းပခဲ့သည်။ ယင်းမှာ ၁၉၉၂ခုနှစ် ရီယိုဒီဂျနေးရိုး မြေကမ္ဘာထိပ်သီးအစည်းအဝေးက ထူထောင်ပေးသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ကန့်သတ်ရေးသဘောတူညီချက်(ယူအင်န်အက်ဖ်စီစီစီ) ဘောင်အတွင်းမှ ကျင်းပခြင်းဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ယူအင်န်အက်ဖ်စီစီစီက ကျိုတိုစာချုပ်ကို ပေါက်ဖွားသည်။ ကျိုတိုစာချုပ်၏ရည်ရွယ်ချက်မှာ အထူးသဖြင့်နိုင်ငံအချို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်မှု လျှော့ချရေးပင်ဖြစ်ပြီး ၂၀၁၂ခုနှစ်တွင် သက်တမ်းကုန်မည်ဖြစ်သည်။ ကိုပင်ဟေဂင်ထိပ်သီးအစည်းအဝေးက ယင်းကိစ္စနှင့်စပ်လျဉ်း၍ စည်းနှောင်အားရှိသော သဘောတူညီချက်တစ်ခုကို ဖန်တီးမပေးနိုင်ခဲ့ပေ။

ကိုပင်ဟေဂင်

ကမ္ဘာ့ပြည်သူများအနေဖြင့်မူ မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊မိုးခေါင်ရေရှားမှု၊ အပူချိန်မြင့်တက်လွန်ကဲမှု စသည့် ဒဏ်ချက်များကို လူးလိမ့်ခံနေရပြီဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု လျှော့ပါးရေးစီမံဆောင်ရွက်ပေးရန် တောင်းဆိုမှုမှာ ယခုအခါ ၂၀၀၉ခုနှစ်ကထက်ပို၍ အလောသုံးဆယ် ဖြစ်နေပြီဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်ကုန်က ကျင်းပခဲ့သော ကိုပင်ဟေဂင်ထိပ်သီး အစည်းအဝေးမျိုးကို မက္ကဆီကိုနိုင်ငံမှ ယခုနှစ် ကျင်းပပေဦးမည်။ အကြိုအစည်းအဝေးတစ်ရပ်ကို မကြာမီကပင် ဘွန်းမြို့၌ သုံးရက်ကြာကျင်းပပြီး ဆွေးနွေးညှိနှိုင်းခဲ့သေးသည်။

မည်သို့ပင်စည်းဝေးညှိနှိုင်းကြိုးပမ်းကြသည်ဖြစ်စေ ဤကမ္ဘာ၌ အတ္တကိုတံခွန်ထူ၍ ကိုယ်ကျိုးစီးပွားရှာသူများ ခေါင်းထောင်နေသရွေ့ ကြိုးပမ်းအားထုတ်သလောက် ခရီးမရောက်ဘဲ ရာသီဥတုဒဏ်ကို ဆက်လက်ခံစား နေရဦးမည်သာဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

> **ရာသီဥတုပြောင်းလဲမှုက လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် ဗဟိဒ္ဓကမ္ဘာကြီးကို ခြိမ်းခြောက်လာကြောင်း ကမ္ဘာ့ပြည်သူတို့ ပိုမိုသိရှိလာကြ၊ ယခုတစ်လော ရာသီဥတု ပူပြင်းခြောက်သွေ့မှုကို ကြုံတွေ့ကြရ။**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ပြုံယမ်းနိုင်ငံတကာကုန်စည်ပြပွဲဖွင့်လှစ်

လေးရက်ကြာကျင်းပမည့် (၁၃)ကြိမ်မြောက် ပြုံယမ်းနိုင်ငံတကာကုန်စည်ပွဲတော်ဖွင့်ပွဲကို မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့၌ မေ၁၇ရက်က ကျင်းပရာ နိုင်ငံပေါင်း ၁၅နိုင်ငံမှ ကုမ္ပဏီပေါင်း၂၀၀ခန့် လာရောက်ခင်းကျင်းပြသကြောင်း မြောက်ကိုရီးယားကုန်သွယ်ရေးအရာရှိများက သတင်းထုတ်ပြန်သည်။

နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး သုံးနိုင်ငံသဘောတူ

အီရန်နိုင်ငံသည် တူရကီ၊ ဘရာဇီးတို့နှင့် နျူကလီးယားကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အီရန်အရာရှိများက မေ ၁၇ရက်၌ ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့၌ပစ်ခတ်မှု လူ၂၀သေဆုံး

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် မေ ၁၇ရက် နံနက်က အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ အပြစ်မဲ့အရပ်သား ၂၀သေဆုံးပြီး လူ ၆၀ခန့် ဒဏ်ရာရရှိကြောင်း ဆိုမာလီအရာရှိများက မေ ၁၇ရက်၌ ပြောကြားသည်။

တရုတ်အနောက်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း စင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မေ၁၇ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ရေလွှမ်းမှုနှင့် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။(အောက်ပုံ)

မီးတောင်ပြာများကြောင့်လန်ဒန်လေဆိပ်များပိတ်ထားရ

အိုက်စလန်မီးတောင် ထပ်မံပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးတောင်ပြာမှုန်များသည် လန်ဒန်မြို့တော်အထိပျံ့လွင့်နေသဖြင့် လန်ဒန်မြို့၏အဓိကလေဆိပ်နှစ်ခုကို ပိတ်ထားရကြောင်း လန်ဒန်လေဆိပ်အရာရှိများက မေ ၁၇ရက်၌ ပြောကြားသည်။

အီရန်၊တူရကီနှင့် ပါကစ္စတန်အမြန်ကားလမ်းပိတ်ထားရ

အီရန်၊ တူရကီနှင့် ပါကစ္စတန်နိုင်ငံများသို့ ဆက်သွယ်ဖောက်လုပ်ထားသော အဝေးပြေးကားလမ်းရှိ ပါကစ္စတန်နိုင်ငံ ဘလော့ချစ်စတန်ပြည်နယ် ကူဇာဒါမြို့အနီးတွင် လမ်းဘေးဗုံးတစ်လုံးထောင်ထားသည်ကို စစ်ဆေးတွေ့ရှိပြီးနောက် အမြန်လမ်းအား ပိတ်ထားလိုက်ရကြောင်း ပါကစ္စတန်အရာရှိများက မေ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန်၌ တရုတ်သံမဏိစက်ရုံတည်ဆောက်မည်

တရုတ်နိုင်ငံ၏ အင်ရှန်သံနှင့် သံမဏိလုပ်ငန်းအုပ်စုသည် အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် အမ်မိုရီမြို့တွင် သံမဏိစက်ရုံတည်ဆောက်ရန် နှစ်ဖက်ကိုယ်စားလှယ်များက မေ၁၇ရက်၌ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလိုက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နီပေါ၌ ဝမ်းရောဂါကြောင့် လူ၂၀သေဆုံး

နီပေါနိုင်ငံတွင်ဝမ်းရောဂါဖြစ်ပွားလျက်ရှိရာ နီပေါအနောက်ပိုင်းဒေသများ၌ မေ၁၇ရက်က ဝမ်းရောဂါကြောင့် လူ၂၀သေဆုံးခဲ့ကြောင်း၊ ပြီးခဲ့သည့်လက နီပေါနိုင်ငံတွင် ဝမ်းရောဂါကြောင့်သေဆုံးသူ ၄၄၁ဦးရှိခဲ့ကြောင်း နီပေါကျန်းမာရေးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

18-5 (05).pmd 1 5/18/2010, 3:04 AM

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံ ဒုတိယနေ့နှင့် နောက်ဆုံးနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအသစ် ဦးတင်ခ(တက္ကသိုလ်တင်ခ) နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အားပေးချီးမြှင့်

မွန်းလွဲပိုင်းတွင် ပဋ္ဌမအကြိမ်ညီလာခံ သက်တမ်းအတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အသစ်ကို ရွေးချယ်တင်မြှောက်ကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ပဋ္ဌမအကြိမ် ညီလာခံ ဒုတိယနေ့နှင့် နောက်ဆုံးနေ့သို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သဘာပတိ

ပဋ္ဌမအကြိမ် ညီလာခံဒုတိယနေ့နှင့် နောက်ဆုံးနေ့ နံနက်ပိုင်းတွင် အလှည့်ကျ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမင်းရွှေ (မင်းရွှေမင်း-တောင်ကုတ်)၊ ဦးနေမျိုး (မောင်နေမျိုး-သဃ်န်းကျွန်း)၊ ဦးတင်ဋ္ဌေး (ကျုံပျော်တင်ဋ္ဌေး)၊ ဦးစိုင်းထိန်လင်း (ခွန်ကြာလင်း)၊ ဦးခင်မောင်လေး(မောင်ရဲမင်း) နှင့် ဦးခင်မောင်မြ(ညောင်ရွှေ ခင်မောင်မြ) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သန်း)က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပဋ္ဌမအကြိမ် ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၂၂၂ဦးရှိသည့်အနက် ၂၀၀ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၄ ရာခိုင်နှုန်းရှိ၍ ညီလာခံ အထမြောက်ကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အခမ်းအနားမှူးက ပဋ္ဌမအကြိမ် ညီလာခံ၏ ဆုံးဖြတ်ချက်(၄)ရပ်၊ အတည်ပြုချက် (၃)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၅)ရပ်တို့ကို ဖတ်ကြားတင်ပြ၍ သဘာပတိက ညီလာခံကိုယ်စားလှယ်များထံမှ သဘောတူညီချက်ရယူရာ ညီလာခံကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း သဘောတူညီကြသဖြင့် အတည်ပြုကြောင်း ကြေညာပြီး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များက မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က စတုတ္ထအကြိမ် ညီလာခံ သက်တမ်းမှ ဗဟိုအမှုဆောင်ကော်မတီဝင်များအားလုံး နုတ်ထွက်ကြောင်း ကြေညာပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားလိုက်သည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် ညီလာခံကို ဆက်လက်ကျင်းပရာ ပဋ္ဌမအကြိမ်ညီလာခံ သက်တမ်းအတွက် ဗဟိုအမှုဆောင် ကော်မတီအသစ် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ်ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)၊ ဦးတင်ယု (ချစ်ကိုကိုယု)၊ ဦးမောင်လှိုင် (မောင်ဆွေငယ်)၊ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း)၊ ဦးစိုးမြင့်သန်း (နွေသင်နိုင်)နှင့် ဦးမောင်မောင်ဋ္ဌေး(ထီယု) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူး ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ)က ဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

ထို့နောက် သဘာပတိ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီအသစ်အား ရွေးချယ်ရန်အတွက် ဆန္ဒပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များအား မဲပေးရွေးချယ်ကြပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ယင်းနောက် ညီလာခံကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အခမ်းအနားမှူးက ရွေးချယ်တင်မြှောက်ပြီးစီးမှု အခြေအနေကို ကြေညာကာ သဘာပတိ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် (၃၀)၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး တာဝန်ခွဲဝေသတ်မှတ်သည်။

ကတိသစ္စာခံယူ

ယင်းနောက် အခမ်းအနားမှူးက နာယကများနှင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအမှုဆောင် ကော်မတီဝင် အသစ်များ၏ တာဝန်ခွဲဝေသတ်မှတ်ခြင်းကို ဖတ်ကြားကြေညာပြီး ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာခံယူကြကာ သဘာပတိက ဗဟိုအမှုဆောင်ကော်မတီ အသစ်များအား အမှာစကား ပြောကြားပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ထို့နောက် ညီလာခံကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်အသစ်များဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ်ဦးတင်ကြည်(တင်ကြည်အောင်-တွံတေး)၊ ဒေါက်တာတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)၊ ဦးကိုလတ် (သိပေါ ကိုလတ်)၊ ဦးကြည်ဟန် (သရက်-ကြည်ဟန်)၊ ဦးထွဏ်းလှအောင် (မိုးဇော်အောင်-မန္တလေး) နှင့် ဦးကျော်အေး (ချမ်းမြေ့စည်) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးကိုကို (ကိုကို- စက်မှုတက္ကသိုလ်)က ဆောင်ရွက်သည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအသစ်ဖြစ်သည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဘာပတိဒုတိယဥက္ကဋ္ဌ (၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေပိုင်းတွင် ကြွေးကြော်သံများဖြင့် ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်အသစ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံ ဒုတိယနေ့နှင့် နောက်ဆုံးနေ့တွင် သဘာပတိ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် မေ ၁၇

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၈၆ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၇၉ လက်မတို့ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__မေ ၁၈ ရက် ညနေအထိခန့်မှန်းချက်မှာ__ မကွေးတိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး မိုင်းဖြတ်မြို့ ရေပေးဝေရေးလုပ်ငန်းကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပေါ်ရေပေးရေးလုပ်ငန်းဖြစ်သော ဖားဖေ့လျှိုရေထွက်၏ ရေထွက်ရှိမှု အခြေအနေ၊ ရေစုကန်တွင် ရေစုဆောင်းနေမှုတို့ကို မေ ၁၄ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦး ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက ဖားဖေ့လျှိုရေထွက်၊ ရေထွက်အားပိုမိုကောင်းမွန်စေရေးနှင့် မြို့နယ်ပြည်သူများနှင့် ရေတိုင် ၁၀၆ တိုင်အတွက် သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ထူးခြားသည့် နေ့ အပူချိန်များ

၁၇-၅-၂၀၁၀

မုံရွာမြို့	၄၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၅ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန်၁ရက်၌ဖွင့်မည်

နေပြည်တော် မေ ၁၇

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန် သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ)လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာ အတတ်သင်တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်းနှင့် ပညာရေးဘွဲ့ (ဘီအီးဒီ) ပေါင်းကူးနှစ်နှစ်သင်တန်းများကို ဇွန် ၁ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်၊တိုင်း အသီးသီးသို့ နှိုးဆော်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနေသည့်

မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ❑ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ❑ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မိတ္ထီလာ မေ ၁၇

နိုင်ငံတစ်ဝန်း သတင်းဆောင်းပါးရေးသားရန် ခရီးသွားတိုင်း တက္ကသိုလ်များ၊ ကောလိပ်များ၊ သင်တန်းကျောင်းများသို့ ရောက်ခဲ့၊ လေ့လာခဲ့၊ ရေးသားခဲ့ဖူးသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အားရကျေနပ်ခဲ့ရသည်။ သတင်းအဖွဲ့ မိတ္ထီလာမြို့သို့ တာဝန်ဖြင့်ရောက်ရှိစဉ် မြန်မာနိုင်ငံတွင် တစ်ကျောင်းတည်းသော ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ရှိသည်ဆိုသဖြင့် စိတ်ဝင်စားစွာ လေ့လာရေး ရောက်ရှိခဲ့သည်။

မိတ္ထီလာမြို့ ကျောက်ပန်းတောင်းလမ်းဘက်သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မကြာမီပင် ကျောက်ပန်းတောင်းလမ်း မိုင်တိုင်အမှတ်(၂)သို့အရောက် **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း"**ဟူသော အပြာရောင်အောက်ခံဖြင့် ထင်ထင်ရှားရှား ရေးသားထားသောဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ ကျောင်းအတွင်းဝင်ရောက်ခဲ့ရာ ကြီးမားထည်ဝါသော အဆောက်အအုံများကိုတွေ့လိုက်ရပြီး ဆရာများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ ကိုယ်စီတာဝန်ဖြင့် သွားလာလှုပ်ရှားနေမှုကိုလည်း မြင်တွေ့ရသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းအုပ်ကြီးက တာဝန်ဖြင့် နေပြည်တော်သို့ ခေတ္တရောက်ရှိနေသဖြင့် ကျောင်းရှိ စီမံခန့်ခွဲရေးဌာန ဌာနမှူး ဦးသန်းဦးနှင့် သင်ကြားရေးပိုင်းမှ တာဝန်ခံအချို့နှင့် တွေ့ဆုံကာ သိလိုသောအချက်များကို မေးမြန်းခဲ့ပါသည်။

"ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းကို အရင်က ရန်ကုန်မြို့ ဆင်မလိုက်သင်္ဘောကျင်းမှာ စတင်အခြေစိုက်ဖွဲ့စည်းခဲ့တာပါ။ ၁၉၇၇ခုနှစ် အောက်တိုဘာမှာ မိတ္ထီလာမြို့ လက်ရှိနေရာကို ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ၁၉၇၇ခုနှစ် ဇူလိုင် ၁၅ရက်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု သတင်းအဖွဲ့သို့ စီမံခန့်ခွဲရေးဌာန ဌာနမှူး ဦးသန်းဦးက ရှင်းပြသည်။

ကျယ်ဝန်း

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ဧရိယာအကျယ်အဝန်းမှာ ၁၉၇ဒသမ ၀၄ဧကရှိပြီး စာသင်ဆောင် ၁၂ဆောင်၊ နှစ်ထပ်ပင်မစာသင်ဆောင် တစ်ဆောင်၊ ဌာနချုပ်ရုံး၊ အောင်ဆန်းခန်းမ၊ သင်တန်းသားအိပ်ဆောင် ၂၄ဆောင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ စတိုဆောင် လေးဆောင်နှင့် အရာထမ်း၊ အမှုထမ်းအိမ်ရာများဖြင့် ပြည့်ပြည့်စုံစုံ တည်ဆောက်ထားသည်။

"အခြေခံစာရေးသင်တန်းတွေကို သင်ကြားပေးနေပါတယ်"
ဦးမြင့်သိန်း(ကထိက)
သင်ကြားလေ့ကျင့်ရေးဌာန။

"သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်သွားမှာဖြစ်ပါတယ်"
ဦးသာဒွန်းအောင်(ကထိက)
မော်တော်ယာဉ်ဌာနခွဲ။

"ဒီကျောင်းကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ လူ့စွမ်းအားအရင်းအမြစ်တွေကို အရည်အချင်း ပြည့်ဝထက်မြက်အောင် လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးဖို့၊ လုပ်ငန်းလက်စွဲပါ လုပ်နည်းစနစ်များနဲ့ တိုးတက်လာတဲ့ နည်းပညာတွေကို ကျွမ်းကျင်တတ်မြောက်စေရေး လေ့ကျင့်ပေးဖို့၊ စီမံခန့်ခွဲရေးပညာရပ်နဲ့ ပြည့်စုံစေရန် မိမိတို့လက်ဝယ်မှာရှိတဲ့ စွမ်းအားစုတွေကို ထိရောက်စွာသုံးစွဲပြီး လုပ်ငန်းတာဝန်တွေကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး လေ့ကျင့်ပေးဖို့၊ ပြည်သူ့ဆက်ဆံရေး တိုးတက်စေရန်နဲ့ အမျိုးသားနိုင်ငံရေးဖြစ်စဉ်ကိုသိရှိပြီး ပြည်သူ့ဝန်ထမ်းကောင်းဖြစ်လာစေရေး လေ့ကျင့်ပေးဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ဦးသန်းဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာသင်ဆောင်များ

ပင်မ စာသင်ဆောင်ကြီးဘက်သို့ သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ ကျယ်ဝန်းသော စာသင်ခန်းများ၌ သင်တန်းသားများ လွတ်လပ်စွာ သင်ကြားနေကြသည်ကို တွေ့ရသည်။ သံလမ်းနှင့်ပတ်သက်ပြီး အငယ်တန်းအင်ဂျင်နီယာများကို ဆလိုက်ကားချပ်များဖြင့် သင်ကြားနေသည်မှာ လက်တွေ့လုပ်ငန်းခွင်၌ မှန်ကန်သော အတတ်ပညာများရရှိစေရန်၊ တွေ့ကြုံတတ်သည့် အခက်အခဲများကို မည်သို့မည်ပုံ ဖြေရှင်းမည်ကို စာတွေ့၊ လက်တွေ့ ရှင်းပြသည်။ မိမိတို့ သတင်းအဖွဲ့လည်း သင်ကြားပြသမှုများကို ခေတ္တ လေ့လာကြည့်ရာ စိတ်ဝင်စားဖွယ်ပင်။ ရုပ်ပုံကားချပ်များဖြင့် နားလည်သဘောပေါက်အောင် အရိုးရှင်းဆုံး ပြသသင်ကြားပေးလျက်ရှိကြောင်း တွေ့မြင်သိရှိခဲ့ရသည်။

ကွန်ပျူတာခန်းများ

ကွန်ပျူတာအသုံးပြု စာသင်ခန်းအတွင်းသို့ ဆက်လက်ဝင်ရောက်လေ့လာခဲ့သည်။ ကွန်ပျူတာအလုံး ၃၀ခန့်ဖြင့် ပြည့်စုံစွာ သင်ကြားပေးနိုင်အောင် စီစဉ်ထားသည်မှာ စနစ်တကျ ရှိလှသည်။ လေအေးစက်တပ်ထားသဖြင့် အေးချမ်းစွာ စာပေသင်ကြားနိုင်လေသည်။ ထို့နောက် သင်ကြားလေ့ကျင့်ရေးဌာနမှ ကထိက ဦးမြင့်သိန်းက "ကျွန်တော်တို့ ဌာနကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနကြီးငါးခုရဲ့ အရာရှိတွေကို သင်ကြားပေးနေခြင်းဖြစ်ပါတယ်။ အဲဒါတွေကတော့ အထွေထွေစီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုသင်တန်း၊ အခြားအဆင့်တွေကိုတော့ စီမံကွပ်ကဲရေး (အခြားအဆင့်) သင်တန်းအပြင် အခြေခံစာရေးသင်တန်းတွေ ဖြစ်ပါတယ်"ဟု သတင်းအဖွဲ့အား ပြောပြသည်။

"ဝန်ထမ်းကောင်း ဖြစ်လာစေရေး လေ့ကျင့်ပေးဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်"
ဦးသန်းဦး(ဌာနမှူး)
စီမံခန့်ခွဲရေးဌာန။

ဗဟို ဆက်သွယ်ရေးကျောင်းသို့ သင်တန်းတက်ရာတွင် တစ်လကြိုတင်၍ သတင်းပေးပို့ရသည်။ သက်ဆိုင်ရာဌာနက ကျန်းမာရေး၊ ပညာရေး၊ အသက်တို့ကို စိစစ်ရွေးချယ်ပြီး တက်ရောက်မည့်သင်တန်းသားကို သင်တန်းဖွင့်မည့် တစ်ပတ်အလိုတွင် ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်းသို့ ပို့ပေးရမည်ဖြစ်သည်။ ရထားဖြင့် လာရောက်သည့် သင်တန်းသားများကို သာစည်၊ မိတ္ထီလာ ဘူတာများ၌ စနေ၊ တနင်္ဂနွေနေ့များတွင် ကျောင်းမှ မော်တော်ယာဉ်ဖြင့် သွားရောက်ကြိုဆိုပေးသည်။

ဖွင့်လှစ်

သင်တန်းကို အမြဲတမ်း တနင်္လာနေ့တွင် ဖွင့်လှစ်လေ့ရှိသည်။ သင်တန်းဖွင့်ပွဲကို ဗဟိုဆက်သွယ်ရေးကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။ သင်တန်းပထမ သီတင်းပတ်တွင် သင်တန်းနှင့်ပတ်သက်သော၊ ကျောင်းနှင့် ပတ်သက်သော စည်းကမ်းများကိုရှင်းပြပြီး အရက်သေစာသောက်စားမှု၊ လောင်းကစားမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ အကျင့်စာရိတ္တ ဖောက်ဖျက်မှုတို့ ဖြစ်ပေါ်ပါက သင်တန်းတက်ရောက်ခြင်းမှ ရပ်ဆိုင်းပြီး မိခင်ဌာနသို့ ပြန်ပို့ခံရမည်ဖြစ်သည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းကို ကျယ်ဝန်းကြီးမားခံ့ထည်စွာ ပြုလုပ်ထားရာ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပြသနိုင်သည်ကို တွေ့ရသည်။ ထို့နောက် မော်တော်ယာဉ် သင်တန်းဌာနခွဲသို့ သတင်းအဖွဲ့ ဆက်လက်သွားရောက်လေ့လာခဲ့သည်။

ခုနစ်ကြိမ်

"မော်တော်ယာဉ် သင်တန်းဌာနခွဲအနေနဲ့ ၂၀၁၀-၂၀၁၁ခုနှစ် ကာလအတွင်းမှာ သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ သင်တန်းအမျိုးအစားက လေးမျိုးဖြစ်ပြီး အဲဒီ သင်တန်းတွေကတော့ မော်တော်ယာဉ်မှူးသင်တန်း၊ ယာဉ်မောင်းအဆင့်(၃) သင်တန်း၊ အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းနဲ့ အခြေခံယာဉ်မောင်း (နယ်စပ်/စည်ပင်)သင်တန်းတွေ ဖြစ်ပါတယ်" ဟု မော်တော်ယာဉ်ဌာနခွဲမှ ကထိက ဦးသာဒွန်းအောင်က သတင်းအဖွဲ့သို့ ရှင်းပြသည်။

လေ့လာမှတ်သား

မော်တော်ယာဉ် သင်တန်းဌာနခွဲသို့ သတင်းအဖွဲ့ရောက်ရှိချိန်တွင် (နယ်စပ်/စည်ပင်)မှ သင်တန်းသားများကို မော်တော်ယာဉ်အင်ဂျင်အစိတ်အပိုင်းနှင့် မောင်းနှင်မှုများကို သင်တန်းဆရာတစ်ဦးက ပြသနေသည်။ သင်တန်းသားများကလည်း စိတ်ဝင်စားစွာ လေ့လာမှတ်သားနေကြသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမှု အစီအစဉ်အရ (နယ်စပ်/စည်ပင်)နှင့် အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖွင့်လှစ်သင်ကြား

မော်တော်ယာဉ် သင်တန်းဌာနခွဲမှ သတင်းအဖွဲ့ ပြန်လည်ထွက်ခွာခဲ့သည်။ ဗဟိုဆက်သွယ်ပို့ဆောင်ရေးကျောင်းတွင် မော်တော်ယာဉ်၊ ရထားနှင့် ကွန်ပျူတာ သင်တန်းများအပါအဝင် စုစုပေါင်း သင်တန်း ၃၂မျိုးကို သင်တန်းသား သင်တန်းသူ ၉၄၄ ဦးအား ၂၀၁၀-၂၀၁၁ ခုနှစ် ကာလအတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ ဝမ်းသာအားရစရာပင်ဖြစ်သည်။

အရင်းအမြစ်

ထို့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရန် ပြုစုလေ့ကျင့်ပေးနေသောကျောင်းအဖြစ် တွေ့မြင်လေ့လာရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟို ပို့ဆောင်ဆက်သွယ်ရေး ကျောင်းသည် အရည်အချင်း ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးပွားရန် ပြုစုလေ့ကျင့်ပေးနေ သောကျောင်းဖြစ်။

ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနေသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အဆောက်အအုံ။

လက်တွေ့ပို့ချ မော်တော်ယာဉ် အင်ဂျင်အစိတ်အပိုင်းနှင့် မောင်းနှင်မှုများကို လက်တွေ့ပို့ချ ပြသနေစဉ်။

စာနယ်ဇင်းအတတ်ပညာသင်တန်းနှင့် စာရေးနည်း အခြေခံလမ်းညွှန်သင်တန်းများ

စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးထက်မြက်ရေးအတွက် များစွာအကျိုးရှိ

❒ *ရှေ့ဖုံးမှ*

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု အလေးအနက် ယုံကြည်မိကြောင်း။

လွန်ခဲ့သည့် လေးနှစ်၊ စတုတ္ထအကြိမ် စာပေညီလာခံတွင် ထိုအချိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုယ်တိုင်တက်ရောက်ပြီး အားပေးချီးမြှင့်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေလောကသားများ အစဉ်အလေးထား ဆောင်ရွက်ကြရမည့် လုပ်ငန်းလမ်းညွှန် (၁၂)ချက် ချမှတ်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့်လည်း အဖွဲ့၏ရည်ရွယ်ချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များ၊ အမျိုးသားရေးဆိုင်ရာ ကိစ္စရပ်များ၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ၊ အစဉ်ရှင်သန်ပြီး အင်အားတောင့်တင်း သွက်လက်ထက်မြက်သည့် အဖွဲ့ကြီး ဖြစ်လာစေရန် အလွှာအလိုက် ဖွဲ့စည်းမှုများနှင့် မည်သို့ဆောင်ရွက်သင့်သည်များ၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ၊ ဘဏ္ဍာငွေတိုးတက်ရရှိရေးဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း။

အလေးထားကြိုးပမ်း

ထို့ပြင် မိမိအနေဖြင့် ၂၀၀၆ခုနှစ်က တစ်ကြိမ်၊ ၂၀၀၇ခုနှစ်က တစ်ကြိမ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် နှစ်ကြိမ်တိတိ တွေ့ဆုံပြီး အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ရန်ပုံငွေရှာဖွေရေး၊ သုတဘဏ် စာတမ်းဖတ်ပွဲများကျင်းပရေး၊ စာနယ်ဇင်းအတတ်ပညာသင်တန်းများ ဖွင့်လှစ်ရေး၊ အဖွဲ့ဝင်များ၏ သားသမီးများကို ပညာသင်ဆုချီးမြှင့်ရေး၊ အဖွဲ့ဝင်များ၏ နာမကျန်းထောက်ပံ့မှု၊ နာရေးကူညီမှုများကို ဆက်လက်ဆောင်ရွက်ရေး၊ စာပေဈေးကွက်ကျယ်ပြန့်ရေး၊ မြန်မာစာပေ စာအုပ်များ ပြည်ပသို့ ထိုးဖောက်ရောက်ရှိရေးတို့အတွက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းမှာကြားခဲ့ကြောင်း။

ထို့အတူ ၂၀၀၈ခုနှစ် ဇွန်လ၂၈ရက်နေ့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအစည်းအဝေး၌လည်း မိမိအနေဖြင့် နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း၌ စာပေလောကသားများ တာဝန်ကျေခဲ့သည်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒ ခံယူအတည်ပြုရာတွင် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး ပါဝင်ကူညီ တာဝန်ကျေပွန်ခဲ့သည်များအတွက် အဖွဲ့ကြီးကို အသိအမှတ်ပြုခဲ့သကဲ့သို့ ကျေးရွာစာကြည့်တိုက်များ၏ အခြေအနေနှင့် စာပေဈေးကွက် ကျယ်ပြန့်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးမှာကြားခဲ့ကြောင်း။

ယခု ပဥ္စမအကြိမ်ညီလာခံကို တင်သွင်းသည့် လေးနှစ်တာကာလအတွင်း ဗဟိုအမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို လေ့လာကြည့်သည့်အခါ လုပ်ငန်းအတော်များများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း သုံးသပ်တွေ့ရှိရကြောင်း။

ထပ်မံတိုးပွား

အဖွဲ့ကြီး၏ စည်းရုံးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ယခုပဥ္စမအကြိမ် ညီလာခံကျင်းပချိန်အထိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စုစုပေါင်း ၇၆၇၅ဦး၊ မြို့နယ်အဖွဲ့ ၁၇၈ ဖွဲ့နှင့် စည်းရုံးရေးကော်မတီ ကိုးဖွဲ့အထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။ စတုတ္ထအကြိမ် ညီလာခံကျင်းပပြီးနောက်တွင် အဖွဲ့ဝင်အင်အား ၁၀၀၀နီးပါး ထပ်မံတိုးပွားလာခဲ့ကြောင်း။

စာနယ်ဇင်းထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး သုတဘဏ်စာတမ်းဖတ်ပွဲများကို ငါးကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ဆရာတက္ကသိုလ်ထင်ကြီး၏ ဒီဂျစ်တယ်စာကြည့်တိုက် လုပ်ငန်းကိုလည်း အတိုင်းအတာတစ်ခုအထိ ခရီးပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာအဖွဲ့ချုပ် (WIPO)နှင့် ဆက်သွယ်ပူးပေါင်းပြီး **“စာပေအနုပညာ အဖွဲ့အစည်းများအတွင်း အချင်းချင်း မူပိုင်ခွင့် စုပေါင်းဆောင်ရွက်မှုလုပ်ငန်း အလားအလာ လေ့လာရေးဆွေးနွေးပွဲ”** ကို အဖွဲ့ကြီးက ကမကထပြုပြီး ဆောင်ရွက်ပေးနိုင်သကဲ့သို့ (WIPO) မှ ကိုယ်စားလှယ်နှစ်ဦးပါဝင်ပြီး **“စာပေထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ”** ကိုလည်း ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအခါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေ (Intellectual Property Right Law) မူကြမ်းရေးဆွဲမှု အတော် ခရီးရောက်နေပြီဖြစ်ကြောင်း။

နှစ်စဉ်မပျက်

သက်သာချောင်ချိရေး လုပ်ငန်းပိုင်းတွင်လည်း နာမကျန်းနှင့် နာရေး ထောက်ပံ့မှုများ၊ သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ထောက်ပံ့မှုများ၊ သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အဖွဲ့ဝင်များ၏ သားသမီးများကို ဆုချီးမြှင့်ခြင်းများ နှစ်စဉ်မပျက် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံတကာဆက်ဆံရေးအပိုင်းတွင် နီပေါသတင်းစာဆရာအဖွဲ့၊ အာဆီယံ ကိုးနိုင်ငံမှ သတင်းစာဆရာအဖွဲ့၊ တရုတ်သတင်းစာဆရာအဖွဲ့များကို ဖိတ်ခေါ်ပြီး အပြန်အလှန်ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာလေ့လာရေးခရီးစဉ်၊ ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်များကိုလည်း အဖွဲ့ကြီးက အောင်မြင်စွာ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် အစီရင်ခံစာမှာ ဘဏ္ဍာရေးလုပ်ငန်းအပိုင်း၊ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်းများ၊ လုပ်ငန်းအလွှာအလိုက် လုပ်ဆောင်ချက်များ စသဖြင့် လုပ်ငန်းကဏ္ဍအားလုံး၌ တိုးတက်ဖြစ်ထွန်းမှုများ၊ အောင်မြင်မှုများ အသီးသီး ရရှိခဲ့သည်ကို ခြုံငုံသုံးသပ် တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် လေးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များသည် ချမှတ်ထားသည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် အညီ အောင်မြင်အောင် ဖော်ဆောင်ပေးနိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ယုံကြည်မျှော်လင့်

အစီရင်ခံသည့်ကာလအတွင်း ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ အမှုဆောင်ကော်မတီဝင်များအနေဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြသည့်အတွက် အားသာချက်များ၊ အောင်မြင်မှုများ တွေ့ရှိခဲ့ရသကဲ့သို့ အားနည်းချက်၊ လိုအပ်ချက်အချို့လည်း ရှိနေဦးမှာသာဖြစ်ကြောင်း၊ ၎င်းတို့ကို အဖွဲ့၏သုံးသပ်ချက်နှင့် အကြံပြုချက်အပိုင်း၌ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်အကြံပြုထားသည်ကိုလည်း တွေ့ရကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း အားနည်းချက်အချို့ရှိခဲ့သော်လည်း နောင်လာမည့်ကာလများအတွင်း ၎င်းတို့ကို ပြုပြင်ပြီး ထိထိရောက်ရောက် အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်စွမ်းရှိမည်ဟု ယုံကြည်မျှော်လင့်မိကြောင်း။

ယခု ပဥ္စမအကြိမ် ညီလာခံကြီး၌ မိမိတို့အဖွဲ့ကြီး၏ ဗဟိုအမှုဆောင်အသစ်များကို ရွေးချယ်သွားမည်ဖြစ်သကဲ့သို့ နောင်လေးနှစ်သက်တမ်းအတွက် ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားချက်တစ်ရပ်အနေဖြင့် ဤကာလသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်မှုအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည့်ကာလနှင့် တိုက်ဆိုင်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ယင်းသို့ ထူးထူးခြားခြား တိုက်ဆိုင်မှုကြောင့် မိမိတို့စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် စာပေလောကနှင့် စာပေလောကသားများအကျိုးကို တစ်ဖက်က ဖော်ဆောင်ရင်း အခြားတစ်ဖက်ကလည်း မိမိတို့နိုင်ငံနှင့် ပြည်သူ၏ ဒီမိုကရေစီ ခရီးလမ်းအစဖြစ်သည့် ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးမှု အဖွင့်နိဒါန်းတွင် တစ်ခန်း တစ်ကဏ္ဍကနေ ပါဝင်ထမ်းဆောင်ခွင့် ရကြမည်ဖြစ်ကြောင်း၊ ဤသည်မှာ မိမိတို့ စာနယ်ဇင်းသမားများအတွက် တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်လာသည့် အမျိုးသားရေး အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် ရှုမြင်ပြီး ပူးပေါင်းလက်တွဲပါဝင်ကြဖို့ လိုအပ်ကြောင်း။

ထိန်းသိမ်းမြှင့်တင်

ယင်းသို့ ထူးခြားလေးနက်သည့် အနာဂတ်တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားနိုင်ရန်အတွက် အဖွဲ့ကြီးရဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဗဟိုအမှုဆောင်အသစ်များကို ရွေးချယ်ကြရာ၌ အတွေ့အကြုံရင့်ကျက်ပြီး ဆင်ခြင်တုံတရား ပြည့်ဝစွာ ဦးဆောင်မှုပေးနိုင်မည့် လူကြီးပိုင်း စာပေပညာရှင်များ ပါဝင်ရန် လိုသကဲ့သို့ အတွေ့အကြုံ အထိုက်အလျောက်ရှိပြီး တာဝန်ကို ထက်ထက်မြက်မြက် အင်တိုက်အားတိုက် လုပ်ဆောင်နိုင်သည့် လူလတ်ပိုင်းများ၊ အနာဂတ်စာပေလောကတာဝန်များကို လက်ဆင့်ကမ်း တာဝန်ယူမည့် မျိုးဆက်သစ်လူငယ်ပိုင်းများပါ လက်တွဲပါဝင်ဖွဲ့စည်းသွားကြရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းအတွင်း စေတနာ၊ ဝါသနာနှင့် အနစ်နာခံဆောင်ရွက်နေကြသူအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အဖွဲ့ကြီး၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဆက်လက်ပြီး စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို ဆွေးနွေးလိုပါကြောင်း၊ စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် စာပေဈေးကွက် ကျယ်ပြန့်ဖို့ အရေးကြီးကြောင်း၊ ယင်းကဲ့သို့ စာပေဈေးကွက် ကျယ်ပြန့်ရန်အတွက် ကျေးလက်အထိ ခြေဆန့်နိုင်ရန် လိုသကဲ့သို့ နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ကြိုးစားကြရန်လည်း လိုအပ်ကြောင်း၊ ကျေးလက်အထိ ခြေဆန့်ရန်အတွက် ယခုအခါ ကျေးရွာတိုင်း၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှိနေကြပြီဖြစ်၍ စာပေလောကသားများအနေဖြင့် ထုတ်လုပ်ဖြန့်ချိရေးအပိုင်းကို အထူးကြိုးစားကြရမည်ဖြစ်ကြောင်း။

ဗဟုသုတတိုးပွား

ယခုအခါ ကျေးလက်စာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက် ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် စာကြည့်တိုက်တစ်တိုက်ကို တစ်အုပ်နှုန်း၊ တစ်စောင်နှုန်းနှင့် ဝယ်ယူကြမည်ဆိုလျှင် အုပ်ရေ၊ စောင်ရေ ငါးသောင်းကျော် ရောင်းချရမည်ဖြစ်၍ ဝယ်နိုင်သည့် ဝယ်လိုအား ရှိနေပြီဖြစ်ကြောင်း၊ ဝယ်လိုအားအတိုင်း အမှန်တကယ် ဝယ်ဖြစ်အောင် စာရေးသူ၊ ထုတ်ဝေသူများနှင့် စာပေလောကသားအားလုံးက ကျေးလက်ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ကျေးလက်ပြည်သူများ၏ ပညာအဆင့်အတန်းနှင့်အညီ အများဖတ်ရှုနိုင်မည့်၊ စိတ်ပါဝင်စားအောင် ဆွဲဆောင်နိုင်မည့် စာအုပ် စာစောင်အမျိုးအစားများကို ဈေးနှုန်းသင့်တင့်စွာဖြင့် ရေးသားထုတ်ဝေရောင်းချပေးနိုင်အောင် ရေးသားကြရန် လိုအပ်ကြောင်း၊ သို့မှသာ စာပေဈေးကွက် ကျယ်ပြန့်လာပြီး ကျေးလက်နေပြည်သူများလည်း စာပေဗဟုသုတ တိုးပွားလာမည်ဖြစ်ကြောင်း။

မြန်မာစာပေကို နိုင်ငံတကာအထိ ထိုးဖောက်ရောက်ရှိ ဖြန့်ချိနိုင်ရန် မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေထားသည့် စာအုပ်ကောင်းများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုဖြန့်ချိရေးနှင့် အင်္ဂလိပ်လို တိုက်ရိုက်ရေးသားထုတ်ဝေဖြန့်ချိရေး ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း နိုင်ငံတကာကို ထိုးဖောက်နိုင်ရန် စာအုပ်မှာကြားခြင်း၊ ဖြန့်ဝေခြင်းများ၌ အီလက်ထရွန်နစ်စနစ်ဖြင့် အသုံးပြုနိုင်ရန် International Standard Book Number (ISBN) စနစ်ကို ကူးပြောင်းကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးနေကြောင်း၊ ထို့ကြောင့် ၈-၁၀-၂၀၀၉ရက်နေ့တွင် International (ISBN) Agency က မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ပြီး ယခုအခါ စာရွက်စာတမ်းနှင့် နှစ်စဉ်ကြေးကိစ္စများ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

များစွာအကျိုးရှိ

တစ်ဖက်ကလည်း မျိုးဆက်သစ်လူငယ် ဘာသာပြန်စာရေးဆရာများအတွက် ဘာသာပြန်သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပို့ချမှုများ ပြုလုပ်ပြီး လေ့ကျင့်ပျိုးထောင်ပေးသင့်ကြောင်းကို အကြံပြုလိုကြောင်း၊ ထို့ပြင် စာပေအဖွဲ့ကြီးကို အထောက်အကူပြုစေသည့် စာရေးဆရာအလွှာ၊ စာနယ်ဇင်းအလွှာနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိသူအလွှာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး **စာနယ်ဇင်းအတတ်ပညာသင်တန်းနှင့် စာရေးနည်း အခြေခံလမ်းညွှန်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေခြင်းသည်လည်း စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး ထက်မြက်ရေးအတွက် များစွာအကျိုးရှိလှပါကြောင်း။**

ယခု ၂၀၁၀ခုနှစ်အတွင်း ပြည်သူအများစု လိုလားသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများအပြီးတွင် လွှတ်တော်၊ အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ပေါ်ပေါက်လာတော့မည်ဖြစ်

မြန်မာစာပေကို နိုင်ငံတကာအထိ ထိုးဖောက်ရောက်ရှိ ဖြန့်ချိနိုင်ရန် မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေထားသည့် စာအုပ်ကောင်းများကို အင်္ဂလိပ်ဘာသာပြန်ဆို ဖြန့်ချိရေးနှင့် အင်္ဂလိပ်လို တိုက်ရိုက်ရေးသား ထုတ်ဝေဖြန့်ချိရေး ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်၊ နိုင်ငံတော်အပိုင်းကလည်း နိုင်ငံတကာကို ထိုးဖောက်နိုင်ရန် စာအုပ်မှာကြားခြင်း၊ ဖြန့်ဝေခြင်းများ၌ အီလက်ထရွန်နစ်စနစ်ဖြင့် အသုံးပြုနိုင်ရန် International Standard Book Number (ISBN) စနစ်ကို ကူးပြောင်း ကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးနေ။

မှတ်တမ်းတင်ဓာတ်ပုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်
နှင့် စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဗဟိုအမှု
များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကြောင်း၊ ထိုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ
နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆော

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆေ
ကို အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ဖော်ဆောင်
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်
ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

အနှစ်သာရ

ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အကျိုးပြု ကျင့်
၎င်းကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံ
ရှိမည်ဖြစ်ကြောင်း၊ ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အကြာ

ဒီမိုကရေစီကို ဖေ

အတိတ်သမိုင်းက စတု

ဒီမိုကရေစီကို မှန်ကန်စွာ ထိန်းကျောင်းကျင့်သုံးနိုင
ပြည်သူများ ဒီမိုကရေစီ၏ အနှစ်သာရကို ပြည့်ပြ

ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ
အတွက် အဓိက အင်အားစု (၃)ရပ်ရှိကြောင်း၊ ၎
(၂) ပါတီအသီးသီးနှင့် နိုင်ငံရေးသမားများ၊ (၃)
လောကသားများ(မီဒီယာသမားများ)ဖြစ်ကြောင်း၊
ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ
ဖော်ဆောင်သွားရမှာဖြစ်ကြောင်း။

အပြန်အလှန်ထိန်းကျောင

ပြည်သူများအနေဖြင့် ဒီမိုကရေစီကို အနှစ်သာ
ပါတီများ၊ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းမီဒီယ
ဆောင်ရွက်ကြရမှာဖြစ်သလို နိုင်ငံရေးသမားများနှင့်
ကရေစီကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ကျင့်သုံး
လူမျိုးအကျိုးကို ဖော်ဆောင်နိုင်စေရန်အတွက်လည်း
မီဒီယာသမားများက အပြန်အလှန် ထိန်းကျောင်း

ထို့အတူ စာနယ်ဇင်းမီဒီယာလောကသားများ
ဖြစ်သည့် တိုင်းပြည်နှင့် လူမျိုးအကျိုးနှင့် ဒီမိုက
အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်မှု ရှိ မရှိကိုလည်း
ပါတီများက အပြန်အလှန်အားဖြင့် ထိန်းညှိပေး

အဆိုပါ အင်အားစု (၃)ရပ်သည် ကိုယ်တိုင်လ
ရမှာဖြစ်သကဲ့သို့ အချင်းချင်းလည်း အပြန်အလှ
တည့်မတ်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စာ
များ၏ အနာဂတ်တာဝန်သည် ကြီးမားကြောင်း။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဒီမိုကရေစီကို အန
ဖော်ဆောင်နိုင်ရန်နှင့် တိုင်းပြည်နှင့် လူမျိုးအက
မဏ္ဍိုင်ကြီး (၄)ရပ်ဟူ၍ သတ်မှတ်ထားရှိကြောင်း

မဏ္ဍိုင်ကြီး (၄)ရပ်

ဒီမိုကရေစီ၏ အဓိက မဏ္ဍိုင်ကြီး (၄)ရပ်ကို
ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍ
အသီးသီးနှင့် နိုင်ငံရေးသမားများ အင်အားစု
စာနယ်ဇင်းမှာ စာပေစာနယ်ဇင်းမီဒီယာများ အင်အာ
ဒီမိုကရေစီစနစ်တွင် ပြည်သူသည် အခရာဖြစ်ပြ
အဖြတ် ပြုနိုင်သူဖြစ်သည့်အတွက် ပြည်သူများ အင်
ပြီး မဏ္ဍိုင်(၄)ရပ်အမြင်ဖြင့်ကြည့်ပါက ပြည်သူကို
မည်ဖြစ်ကြောင်း။

ယခု ၂၀၁၀ခုနှစ်အတွင်း ပြည်သူအများစု လိုလားသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပတော့မည်၊ ရွေးကောက်ပွဲများ အပြီးတွင် လွှတ်တော်၊ အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ပေါ်ပေါက်လာတော့မည်၊ ထိုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ပေးရမည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကြောင်း၊ ထိုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ရာတွင် ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ဖော်ဆောင်ရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

အနှစ်သာရ

ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အကျိုးပြု ကျင့်စဉ်များထဲမှာ တစ်ခုဖြစ်ပြီး ၎င်းကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်မှသာ အကျိုးခံစားခွင့်ရှိမည်ဖြစ်ကြောင်း၊ ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အကြား ကာလကို ပြန်ကြည့်ပါက

စာနယ်ဇင်းမဏ္ဍိုင်မှအပ ကျန်ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုသည့် မဏ္ဍိုင်(၃)ခုကို ပြည်သူက ရွေးချယ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူက ရွေးချယ်ပြီး ပြည်သူကို အလုပ်အကျွေးပြုဖို့ ပြည်သူ့ကိုယ်စား ဆောင်ရွက်နိုင်အောင် တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူသည် မိမိတို့ ရွေးချယ်တင်မြှောက်ထားသော မဏ္ဍိုင်(၃)ခုစလုံးကို တန်ပြန်ထိန်းညှိနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအနေဖြင့် ကြည့်လျှင် ပြည်သူသည် အရေးအကြီးဆုံးဖြစ်ပြီး ပြည်သူ့မဏ္ဍိုင်ရှိရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များ တည့်မတ်မှန်ကန်မှု ရှိ မရှိ ပြည်သူက အမြဲတမ်း စောင့်ကြည့်လေ့လာသုံးသပ်နေရမည်ဖြစ်သည့် အတွက် ပြည်သူ့မဏ္ဍိုင်သည် ရင့်ကျက်ရန်၊ ပြည့်ဝရန်၊ တည့်မတ်မှန်ကန်ရန် အရေးကြီးကြောင်း၊ အသိဉာဏ်ပညာမြင့်မားပြီး ရင့်ကျက်ပြည့်ဝသော ပြည်သူများကသာ ဖော်ပြပါ မဏ္ဍိုင်(၃)ရပ်ကို မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ပေးနိုင်မည် ဖြစ်ကြောင်း။

အတွေးအခေါ်အယူအဆ

ထို့ကြောင့် မိမိတို့ စာနယ်ဇင်းမဏ္ဍိုင်အနေဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုသည့် မဏ္ဍိုင်(၃)ခုကိုသာမက ၎င်းပြည်သူ့မဏ္ဍိုင်ကိုပါ ထိန်းကျောင်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံး အင်အားစုဖြစ်သော ပြည်သူကို မှန်ကန်သော အတွေးအခေါ် အယူအဆများ စွဲမြဲခိုင်မာလာရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူအားလုံး အသိ

တည်ထောင်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များကို စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မာသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖြစ်လာရန် ပံ့ပိုးမြှင့်တင် ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း၏ အခြေခံမူဝါဒမှာ အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ စာပေဖတ်ရှုလေ့လာလိုစိတ်နှင့် စာဖတ်သည့်အလေ့အထ ပိုမိုမြင့်မားတိုးတက်လာစေရန် (၁) ဖောင်ဒေးရှင်း၏အား၊ (၂) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား၊ (၃) စာပေနှင့် စာနယ်ဇင်းလောကသားများ၏ အားဟူသည့် အား (၃)အားဖြင့် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ဖောင်ဒေးရှင်းအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန် စာအုပ်၊ စာစောင်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အခိုင်အမာ စာကြည့်တိုက်များအဖြစ် ရပ်တည်နိုင်ရန် အဆောက်အအုံနှင့် ပရိဘောဂများ မျှတည် ထောက်ပံ့ပေးခြင်း၊ ကျေးလက်ပြည်သူများအတွင်း စာဖတ်ဝါသနာနှင့် စာဖတ်သော အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာရန် စာပေပညာရှင်များ ကွင်းဆင်းပြီး စာပေပြိုင်ပွဲများ၊ ဟောပြောဆွေးနွေးမှုများ၊ ပညာပေးစည်းရုံးမှုများ၊ ပျိုးထောင်မြေတောင်မြှောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် စာပေလောကသားများအနေဖြင့် အမျိုးသားအကျိုးစီးပွားကိုအခြေခံ၍ ဖော်ဆောင်ရမည်

အတိတ်သမိုင်းက စတုတ္ထမဏ္ဍိုင်၏ အားနည်းချက်များကို ဆင်ခြင်သုံးသပ်၊ အနာဂတ်တွင် တည့်မတ်မှန်ကန်အောင် ထိန်းကျောင်း

ဒီမိုကရေစီကို မှန်ကန်စွာ ထိန်းကျောင်းကျင့်သုံးနိုင်ခဲ့ခြင်းမရှိ၍ တိုင်းပြည်နှင့် ပြည်သူများ ဒီမိုကရေစီ၏ အနှစ်သာရကို ပြည့်ပြည့်ဝဝ မခံစားခဲ့ရကြောင်း။

ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ထိန်းကျောင်းကျင့်သုံးနိုင်ရေး အတွက် အဓိက အင်အားစု (၃)ရပ်ရှိကြောင်း၊ ၎င်းတို့မှာ (၁) ပြည်သူများ၊ (၂) ပါတီအသီးသီးနှင့် နိုင်ငံရေးသမားများ၊ (၃) စာပေ စာနယ်ဇင်းနှင့် စာပေလောကသားများ(မီဒီယာသမားများ)ဖြစ်ကြောင်း၊ ၎င်းအင်အားစု (၃)ရပ်က ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်အောင် ထိန်းညှိ ဖော်ဆောင်သွားရမှာဖြစ်ကြောင်း။

အပြန်အလှန်ထိန်းကျောင်း

ပြည်သူများအနေဖြင့် ဒီမိုကရေစီကို အနှစ်သာရရှိရှိ ကျင့်သုံးတတ်စေရန် ပါတီများ၊ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းမီဒီယာများက ထိန်းညှိ၊ စည်းရုံး၊ ဆောင်ရွက်ကြရမှာဖြစ်သလို နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများက ဒီမိုကရေစီကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်နိုင်စေရန်အတွက်လည်း ပြည်သူများနှင့် စာနယ်ဇင်း မီဒီယာသမားများက အပြန်အလှန် ထိန်းကျောင်းပေးကြရမှာဖြစ်ကြောင်း။

ထို့အတူ စာနယ်ဇင်းမီဒီယာလောကသားများက ၎င်းတို့၏ ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်နှင့် လူမျိုးအကျိုးနှင့် ဒီမိုကရေစီကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်မှု ရှိ မရှိကိုလည်း ပြည်သူများနှင့် နိုင်ငံရေး ပါတီများက အပြန်အလှန်အားဖြင့် ထိန်းညှိပေးသွားကြရမည်ဖြစ်ကြောင်း။

အဆိုပါ အင်အားစု (၃)ရပ်သည် ကိုယ်တိုင်လည်း မှန်မှန်ကန်ကန် ကျင့်သုံးရမှာဖြစ်သကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် ထိန်းညှိ၊ ထိန်းကျောင်း၊ တည့်မတ်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စာပေစာနယ်ဇင်းလောကသားများ၏ အနာဂတ်တာဝန်သည် ကြီးမားကြောင်း။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဒီမိုကရေစီကို အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်ရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်နိုင်ရန် မဏ္ဍိုင်ကြီး (၄)ရပ်ဟူ၍ သတ်မှတ်ထားရှိကြောင်း။

မဏ္ဍိုင်ကြီး (၄)ရပ်

ဒီမိုကရေစီ၏ အဓိက မဏ္ဍိုင်ကြီး (၄)ရပ်ကို ပြန်လည်ခွဲခြမ်းစိတ်ဖြာပါက ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များသည် နိုင်ငံရေးပါတီအသီးသီးနှင့် နိုင်ငံရေးသမားများ အင်အားစုပင်ဖြစ်ပြီး စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းမှာ စာပေစာနယ်ဇင်းမီဒီယာများ အင်အားစုပင်ဖြစ်ကြောင်း၊ ထို့အပြင် ဒီမိုကရေစီစနစ်တွင် ပြည်သူသည် အခရာဖြစ်ပြီး ပြည်သူသည်သာ အဆုံးအဖြတ် ပြုနိုင်သူဖြစ်သည့်အတွက် ပြည်သူများ အင်အားစုအဖြစ် သတ်မှတ်ထားပြီး မဏ္ဍိုင်(၄)ရပ်အမြင်ဖြင့်ကြည့်ပါက ပြည်သူကို ပဉ္စမမဏ္ဍိုင်အဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း။

မှန်အောင်၊ အတွေးမှန်အောင်၊ အလုပ်မှန်အောင်၊ အမှားအမှန်၊ အကျိုးအကြောင်း၊ အကောင်းအဆိုးကို အမြဲတမ်း ဖြန့်ဝေပေးနေရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူ့မဏ္ဍိုင်ကို မယိမ်းယိုင်ရအောင်၊ တစ်ဖက်ကလည်း ပြည်သူ့မဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် ထိန်းကျောင်းပေးရန် တာဝန်ရှိကြောင်း။

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကိုအခြေခံ၍ ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားသည် ယနေ့ကမ္ဘာ၌ ရှေ့တန်းရောက်လာသည်ကို တွေ့နိုင်ကြောင်း၊ ကမ္ဘာ့နိုင်ငံများသည် တစ်ချိန်တုန်းက ဝါဒရေးကိုသာ အဓိကထား ရှေ့တန်းတင်ခဲ့ကြကြောင်း၊ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒဆိုပြီး ဝါဒရေး ယှဉ်ပြိုင်မှုများကြောင့် အမျိုးသားရေးသည် ဒုတိယတန်းကို ရောက်နေခဲ့ရကြောင်း၊ နိုင်ငံအချင်းချင်း ဆက်ဆံရာတွင်လည်း ဝါဒတူ အုပ်စုဖွဲ့နိုင်ရန်သာ အဓိကထားပြီး ဝါဒချင်းတူလျှင် ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသား အကျိုးစီးပွားကို ထိခိုက်ခံပြီး ကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းရှိခဲ့ကြောင်း၊ ၎င်းအချိန်က အမျိုးသားအကျိုးစီးပွားထက် ဝါဒရေးကို ရှေ့တန်းတင်ခဲ့သည်ကို တွေ့နိုင်ကြောင်း၊ ၁၉၉၀တစ်ဝိုက် နောက်ပိုင်းကစပြီး ယနေ့(၂၁)ရာစုတွင် နိုင်ငံအားလုံး၏ ခံယူချက်များ လုံးဝပြောင်းလဲခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် နိုင်ငံအားလုံးသည် ကိုယ့်အမျိုးသား အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး ကျန်တာတွေ နောက်တန်းကို ပို့ပစ်လိုက်ကြကြောင်း၊ ကိုယ့်အမျိုးသား အကျိုးစီးပွားမရှိဘဲနှင့် သူတစ်ပါးကိုကူညီခြင်း၊ ပံ့ပိုးခြင်း၊ ထောက်ခံခြင်းမရှိနိုင်တော့ကြောင်း၊ ထို့ကြောင့် မိမိတို့လည်း ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူအတွက် အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ရမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘာပဲလုပ်လုပ် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး လုပ်ဆောင်ကြခြင်းသည်သာ အသင့်မြတ်ဆုံးလမ်းကြောင်းဖြစ်သည်ကို တွေ့မြင်နိုင်ကြောင်း။

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် စာပေလောကသားများအနေဖြင့် အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အတိတ်သမိုင်းက စတုတ္ထမဏ္ဍိုင်၏ အားနည်းချက်များကို ဆင်ခြင်သုံးသပ်၍ အနာဂတ်တွင် တည့်မတ်မှန်ကန်အောင် ထိန်းကျောင်းသွားကြရန် လိုကြောင်း။

အား (၃)အား

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီကို တည့်မတ်မှန်ကန်စွာ ထိန်းကျောင်းရာ၌ အဓိကကျသည့် ပဉ္စမမဏ္ဍိုင် ပြည်သူများ၏ အသိပညာ ဗဟုသုတ မြင့်မားတိုးတက်လာနိုင်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာနိုင်ရေးအတွက် အများကြီးအကျိုးပြုမည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီးကို ယမန်နေ့က ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်

၎င်းကဲ့သို့ ကွင်းဆင်းစည်းရုံး ဆောင်ရွက်ကြရာ၌ အား (၃)အားတွင် ပါဝင်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ၏အားနှင့် စာပေစာနယ်ဇင်းလောကသားများ၏ အားက အဓိကအခန်းမှ ပါဝင်လာမည်ဖြစ်ကြောင်း။

ဖောင်ဒေးရှင်းတွင် နာယကအဖွဲ့နှင့် အမှုဆောင်အဖွဲ့များရှိမှာဖြစ်ပြီး ၎င်းအဖွဲ့များမှာ စေတနာ့ဝန်ထမ်းများအဖြစ် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း ရန်ပုံငွေရှာဖွေမည့် နည်းမှာလည်း လူထုအခြေခံရန်ပုံငွေရှာနည်းကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းရရှိသည့် ရန်ပုံငွေများကို သုံးစွဲခွင့်ပြုမည် မဟုတ်ဘဲ မတည်ငွေအဖြစ် ထားရှိပြီး ရရှိသောအကျိုးအမြတ်များဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် ဖောင်ဒေးရှင်းများပါ တိုးချဲ့ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ သို့ပါ၍ ဤအမျိုးသားရေးတာဝန်ဖြစ်သည့် ကျေးရွာစာကြည့်တိုက်များ ထူထောင်ခြင်းနှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စေရန် စာပေနှင့်စာနယ်ဇင်းလောကသားများအားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမေတ္တာရပ်ခံကြောင်း။

ကြိုးပမ်းထမ်းဆောင်

နောက်ဆုံး မှာကြားလိုသည်မှာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် အဖွဲ့ကြီးအဖြစ် ထာဝစဉ်ရှင်သန်ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ ယခု ပဉ္စမအကြိမ် ညီလာခံက ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များကိုအခြေခံပြီး နိုင်ငံနှင့် လူမျိုးအကျိုး၊ စာပေလောကနှင့် စာပေလောကသားတို့၏ အကျိုးအတွက် အားကြိုးမာန်တက် ကြိုးပမ်းထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် သမိုင်းအစဉ်အလာကောင်းခဲ့ကြသည့် စာပေနှင့်စာနယ်ဇင်းလောကသားများအနေဖြင့် -

- **အမျိုးသား အကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းတည်ဆောက်မြှင့်တင်သွားကြပါ။**
- **အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်မှာ စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းအနေဖြင့် အဆင့်အတန်းရှိရှိ ခိုင်ခိုင်မာမာနှင့် စတုတ္ထမဏ္ဍိုင်၏ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းတည်ဆောက်ကြပါ။**
- **ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် အရေးအကြီးဆုံးဖြစ်သည့် "ပြည်သူ့မဏ္ဍိုင်" တည့်မတ်မှန်ကန် ခိုင်မာစေရေးအတွက် ပြည်သူများအတွင်း အမှားအမှန် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ခွဲခြားသိမြင်နားလည်နိုင်အောင် အသိပညာဗဟုသုတတွေ ဖြန့်ဝေမြှင့်တင်ပေးကြပါ။**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ထုဆစ်ပုံဖော်နိုင်စွမ်းရှိသည့် အသိပညာ ဗဟုသုတနှင့် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းပြည့်စုံစေရေးအတွက် အဓိကကြိုးပမ်းပေးသည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကြီး၏ လုပ်ငန်းစဉ်များ၌ အားတက်သရော ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်သွားကြပါ။**
- **ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်အောင် ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **စာပေလောကသားအချင်းချင်း စည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုပြီး အစဉ်ရှင်သန် အင်အားတောင့်တင်း သွက်လက်ထက်မြက်သည့် အဖွဲ့ကြီးဖြစ်အောင် စည်းရုံးလှုပ်ရှားမြှင့်တင်သွားကြပါ**

ဟူ၍ ပြောကြားသွားသည်။ ။ (သတင်းစဉ်)

၂၀၁၀ အယ်လ်နီညိုဂယက် မုတ်သုံမိုးနှင့် မုန်တိုင်း

တင်ငွေ(မိုး/ဇလ)

၂၀၁၀ခုနှစ်မှာ အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်နိုင်မှု အလားအလာရှိနိုင်တဲ့အတွက် နိုင်ငံတကာ ရာသီဥတု ခန့်မှန်းရေးပညာရှင်များက မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေကြရာမှာ ၂၀၀၉ခုနှစ် နှစ်လယ်ပိုင်းကစပြီး အားပျိုးခဲ့ပေမယ့် လက်ရှိအချိန်မှာ အားကောင်းလာတဲ့အခြေအနေမရှိသေးတာကို တွေ့နေရပါတယ်။ အကယ်၍သာ အယ်လ်နီညိုအားကောင်းလာရင် ကမ္ဘာ့တစ်ဝန်းရာသီဥတုဖြစ်စဉ်တွေ ကမောက်ကမဖြစ်နိုင်ပြီး အဲဒီဖြစ်စဉ်က မြန်မာနိုင်ငံရဲ့ရာသီဥတုအပေါ် အနည်းနဲ့အများတော့ သက်ရောက်မှုရှိလာမှာပါ။ လောလောဆယ်မှာ တစ်နိုင်ငံလုံး အပူချိန်လျော့သွားခြင်း မရှိသေးတာရယ်၊ မုတ်သုံအဝင်နောက်ကျပြီး မိုးကောင်းကောင်း မရွာသေးတာကြောင့် မုတ်သုံမိုးကို ပြည်သူတွေမျှော်လင့်တောင့်တနေကြတာကို ကျွန်တော်တို့ မိုးလေဝသဌာနအနေနဲ့ ဘယ်နေ့ ဘယ်အချိန်လောက်ဆိုရင် မိုးရွာတော့မယ်ဆိုတာကို တိမ်တမန်းတေးသွားနဲ့ ကြေညာပေးသွားချင်နေတာပါ။

ပစိဖိတ်သမုဒ္ဒရာရဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ၂၀၀၉ခုနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ပုံမှန်ထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ပိုပူနေခဲ့ပါတယ်။ ၂၀၁၀ခုနှစ် ပထမနှစ်လအတွင်းမှာလည်း ၁ဒီဂရီစင်တီဂရိတ် ပိုမိုပူနွေးနေပြီး တိမ်ဖြစ်ထွန်းမှုများပြားနေခြင်းကြောင့် အယ်လ်နီညိုဖြစ်ပေါ်မှုရှိနေကြောင်း ဖော်ပြနေပါတယ်။ အားကောင်းတဲ့ အယ်လ်နီညိုမဖြစ်ပေမယ့် အားပျော့တဲ့အယ်လ်နီညိုကတော့ ဆက်လက်ရှိနေဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။

အားကောင်းတဲ့ အယ်လ်နီညိုဖြစ်စဉ်တွေဟာ မြန်မာနိုင်ငံအပါအဝင် အာရှဒေသနိုင်ငံတွေမှာ ရာသီဥတုပူပြင်းခြောက်သွေ့စေတတ်ပြီး မုန်တိုင်းဖြစ်ပေါ်မှုကို လျော့နည်းစေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရာသီဥတုအခြေအနေအရ အယ်လ်နီညိုရဲ့ဂယက်ဟာ ကျွန်တော်တို့ အာရှနိုင်ငံတွေဘက်ကို မသိမသာရိုက်ခတ်နေတယ်ဆိုတာ ပြောလို့ရပါတယ်။ စံချိန်တင်လောက်အောင် အပူချိန်တွေတိုးမလာပေမယ့် လစဉ် ပျမ်းမျှအမြင့်ဆုံးအပူချိန်လောက် ပူနေတာကို တွေ့နေရပါတယ်။ သည်တော့လည်း အားပျော့တဲ့အယ်လ်နီညို သက်ရောက်မှုရှိနေပါတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ယခုနှစ်မှာ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံကို ဝင်ရောက်မှုဟာ နောက်ကျနိုင်ပြီး မေလ ဒုတိယ ၁၀ ရက်ပတ်မှာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်ဝင်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ အလယ်ပိုင်းဒေသတွေကိုတော့ မေလ တတိယ ၁၀ရက်ပတ်နဲ့ မေလကုန်လောက်မှာ ဝင်ရောက်နိုင်ပြီး ဇွန်လဆန်းကျမှ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေကို မုတ်သုံလေဝင်ရောက်နိုင်တယ်လို့ ယေဘုယျခန့်မှန်းချက်ကို ထုတ်ပြန်ထားပါတယ်။ မိုးဦးကာလဖြစ်တဲ့ မေလနဲ့ ဇွန်လကုန်အထိ မုတ်သုံလေအား အသင့်အတင့်ရှိနိုင်ပြီး ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ကာ ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်ကြောင်းကိုလည်း ခန့်မှန်းထားပါတယ်။

မုတ်သုံလေမဝင်ရောက်မီ ယခုအချိန်ကာလတွေမှာ မုန်တိုင်းဖြစ်ပေါ်မှုရှိတတ်တာကြောင့် ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့ရဲ့အခြေအနေတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေရပါတယ်။ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှု၊ မုန်တိုင်းဖြစ်ပေါ်မှုတွေဖြစ်လာရင် ကျွန်တော်တို့ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေးထုတ်ပြန်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်တွေကိုလည်း ရေဒီယို၊ ရုပ်မြင်သံကြားတွေက ထုတ်လွှင့်ပေးမှာဖြစ်သလို နေ့စဉ်ထုတ်သတင်းစာတွေကလည်း ဖော်ပြပေးသွားမှာပါ။ တရားဝင်သတင်းထုတ်ပြန်ချက်တွေကိုပဲ ပြည်သူတွေအနေနဲ့ ကြည့်ရှုနားဆင် ယုံကြည်စေချင်ပါတယ်။

ထုတ်ပြန်သတိပေးချက်တွေအရ ကိုယ့်ဒေသအတွက် မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်ပါက လိုအပ်သော ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ပြီး ဘေးလွတ်ကင်းရာနေရာ၊ ခိုလှုံစရာနေရာများသို့ ရှောင်ရှားနေထိုင်ကြရမှာဖြစ်ပါတယ်။ မုန်တိုင်းသတင်းရတာနဲ့ အလွန်အမင်း ထိတ်လန့်တုန်လှုပ်တာမျိုး မဖြစ်သင့်ပါဘူး။ စိတ်အေးအေးထားပြီး မုန်တိုင်းဘေးကလွတ်ကင်းစေဖို့ ကိုယ်လုပ်ဆောင်ရမှာတွေကို အချိန်မီလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးမှာ ပြည်သူတွေဘက်က ဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတရှိပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေရှိထားဖို့လိုပါတယ်။ ဒါမှလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေမှာဖြစ်ပါတယ်။ အခုတလော မုန်တိုင်းဖြစ်တော့မယ်ဆိုပြီး မှန်းဆပြောဆိုရေးသားနေကြတာ ကြားသိနေရပါတယ်။ ပြည်သူတွေအနေနဲ့ စဉ်းစားချင့်ချိန်ပြီး ကောလာဟလသတင်းတွေနဲ့ တရားမဝင်ထုတ်ပြန်တဲ့ ခန့်မှန်းဖော်ပြချက်တွေကို မယုံကြည်ကြဖို့ အထူးတိုက်တွန်း မှာကြားလိုပါတယ်။

ယခုကာလမှာ အားပျော့တဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံကို ဝင်ရောက်တာ အနည်းငယ်နောက်ကျနိုင်တဲ့အကြောင်း မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထုတ်ပြန်ပေးထားပြီးဖြစ်ပါတယ်။ အာရှနိုင်ငံတော်တော်များများမှာလည်း အပူချိန်မြင့်မားတာ၊ မိုးခေါင်တာတွေဖြစ်နေတဲ့ သတင်းတွေကြားနေရပါတယ်။ မိုးလေဝသတိုင်းတာရေးဂြိုဟ်တုတွေကပေးပို့တဲ့ တိမ်ပုံတွေအရ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်နိုင်တဲ့အခြေအနေ နည်းပါးနေသေးတာကို တွေ့ရပါတယ်။

မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခဲ့လျှင် ပျက်စီးဆုံးရှုံးမှုတွေဖြစ်စေနိုင်ပေမယ့် တစ်ဖက်ကလည်း မုန်တိုင်းကြောင့် မိုးရနိုင်တာရယ်၊ မုန်တိုင်းဝင်ရောက်ပြီး မြန်မာနိုင်ငံမှာ အနောက်တောင်မုတ်သုံလေ တစ်ဆက်တည်း ဝင်ရောက်လာတတ်တာတို့ကြောင့် မုန်တိုင်းမှာ အဆိုးနဲ့အကောင်း ဒွန်တွဲတဲ့ရလဒ်တွေကို ပေးစွမ်းနိုင်ပါတယ်။ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုတွေ လျော့နည်းစေဖို့ မိမိတို့ဒေသမှာ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနှင့် သတိရှိရှိဖြင့် ရင်ဆိုင်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မုန်တိုင်းသတိပေးချက်တွေကို ဂရုတစိုက်နားထောင်ပြီး မုန်တိုင်းဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ကြစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၅၀ ၁၀။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား (ကိုရီးယား DRPနှင့် ကိုရီးယား REP)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၁၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ **အလွဲလွဲအချော်ချော်** စိစိအဖွဲ့နှင့် ဝက်မအဖွဲ့
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၄၇)

မြန်မာ့အလင်း အာကာသသိပ္ပံ

အာကာသမှ ထူးခြားသော ပုံရိပ်လွှာမှသည် . . . .

ကိုသစ္စာ – ရေးသားသည်

အာကာသအတွင်းရှိ ဂြိုဟ်နှင့် ကြယ်တာရာများသည် ထူးခြားသောဖြစ်ရပ်များ ဖြစ်ပေါ်တတ်လေ့ရှိရာ ထိုဖြစ်ရပ်များမှာ နှစ်စဉ်၊ လစဉ်နှင့် နေ့စဉ်နှင့်အမျှ ပေါ်ပေါက်နေတတ်သည်။ အာကာသသုတေသနပညာရှင်များပင် ခေတ်မီနည်းပညာရပ်များ အသုံးပြု၍ စူးစမ်းလေ့လာနေသော်လည်း အာကာသဖြစ်စဉ်များ၏ ၄၀ရာခိုင်နှုန်းခန့်သာ သိရှိနိုင်ပေသည်။

ဖြစ်ပေါ်

အာကာသအတွင်း၌ မေ ၁၆ရက်ညက ဖြစ်ပေါ်ခဲ့သည့် အရုဏ်ဂြိုဟ်လနှင့် ကြယ်တာရာတို့ အနီးကပ်ဆုံးဖြစ်စဉ်မှာ အာကာသအတွင်း ရွေ့လျားနေသော အရုဏ်ဂြိုဟ်လနှင့် သောကြာဂြိုဟ်တို့အပြင် ကမ္ဘာဂြိုဟ်တို့၏ ရွေ့လျားနေသော သဘောတရားများကြောင့်ပင်ဖြစ်သည်။



တစ်တန်းတည်း

အစဉ်အမြဲ ပြောင်းလဲရွေ့လျားနေတတ်သည့် ဂြိုဟ်တာရာများအနက် ကမ္ဘာဂြိုဟ်၊ အရုဏ်ဂြိုဟ်လနှင့် သောကြာဂြိုဟ်တို့ တစ်တန်းတည်းကျရောက်သည့်အချိန်တိုင်း ဤကဲ့သို့ ဖြစ်ရပ်များ အမြဲပေါ်ပေါက်နေတတ်ခဲ့သည်။ ထိုသို့ အာကာသ၌ အရုဏ်ဂြိုဟ်လနှင့် အလင်းအလွန်တောက်ပသည့် ကြယ်တာရာများ နီးကပ်စွာဖြစ်တည်နေမှုမှာ အကြိမ်ထောင်ပေါင်းများစွာ ရှိခဲ့လေသည်။ ဤသည်မှာ အာကာသအတွင်း ဂြိုဟ်များနှင့် ကြယ်တာရာများ၏ ပုံမှန်ဖြစ်လေ့ရှိသည့် သဘာဝတရားများပင်ဖြစ်သည်။

ဝေးကွာ

မေ ၁၆ရက် ည ၇နာရီ ၁၉မိနစ်ခန့်ကဖြစ်ပေါ်ခဲ့သော အရုဏ်ဂြိုဟ်လနှင့် နီးကပ်သွားသည့် ကြယ်တာရာသည် ကမ္ဘာမြေနှင့် မိုင်သန်း ၁၃၀ခန့်ဝေးကွာသောနေရာ၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပေါ်မှုကို ဖိလစ်ပိုင်၊ အိန္ဒိယ၊ တရုတ်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ မြင်တွေ့ရသည်။ အာကာသသိပ္ပံပညာရှင်များက အချိန် နှစ်မိနစ်ခန့်သာ ကြာမြင့်ခဲ့ကြောင်း ပြောကြားသည်။

ထပ်မြင်ရမည်

ထိုသို့ ဖြစ်ရပ်မျိုးကို လာမည့် ဩဂုတ် ၂၀ရက်၌လည်းကောင်း၊ ၂၀၁၂ခုနှစ် ဇွန် ၅ရက်၌လည်းကောင်း ထပ်မံမြင်တွေ့ကြရမည်ဟု အာကာသသိပ္ပံပညာရှင်များ မှန်းဆထားသည်။ အာကာသ၌ ထိုသို့ ထူးခြားသောဖြစ်ရပ်များသည် ကမ္ဘာ့ရာသီဥတု ဆိုးရွားသောနှစ်များ၌ တိုက်ဆိုင်စွာ ဖြစ်ပေါ်တတ်လေ့ရှိသည်။ သို့သော် ထိုသို့ ဖြစ်ပေါ်ပြီးပါက ကမ္ဘာ့ရာသီဥတုအနေအထားကောင်းမွန်လာမှုကိုလည်း သတိပြုစရာဖြစ်ခဲ့ကြောင်း ၄င်းတို့က ပြောကြားလျက်ရှိသည်။ ။ **(အင်တာနက်)**

ဘာစီလိုနာတို့ လာလီဂါဖလားဆွတ်ခူး ရီရဲမက်ဒရစ်တို့ ဒုတိယနှင့်သာ ကျေနပ်ခဲ့ရ

မောင်ချစ်ကြည် ရေးသား၍ ယဉ်ယဉ်အေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မက်ဒရစ် မေ ၁၇

၂၀၀၉-၂၀၁၀ စပိန်လာလီဂါ နောက်ဆုံးပွဲစဉ် (၃၈)ကို မေ ၁၇ရက်က ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက အိမ်ကွင်း၌ ဗယ်လာဒိုလစ်ကို လေးဂိုး ပြတ်သွင်းပြီး အောင်ပွဲခံနိုင်ခဲ့သဖြင့် ယခုနှစ် လာလီဂါဖလားကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာနှင့် ဗယ်လာဒိုလစ်

နိုင်ပွဲရမှ ဖလားရရှိမည်ဖြစ်ရာ အိမ်ကွင်းဖြစ်သော်လည်း ဘာစီလိုနာတို့ လူစုံထုတ်ကစားခဲ့သည်။ ဘာစီလိုနာတွင် မက်ဆီ၊ ကာကစ်၊ ပီဒရိုတို့ကို တိုက်စစ်တွင်ထားပြီး ယာယာတိုရေး၊ ဇီဗာ၊ ဘတ်ကွတ်စ်နှင့် အဲလ်ဗက်စ်တို့ကို ကွင်းလယ်၌ အထိုင်ထား ကစားစေခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ကွင်းတစ်ဝက်ဖိကစားနိုင်ပြီး အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သည်။ ဘာစီလိုနာအတွက် ဇွဲဆော်ဦး ဂိုးကို ဗယ်လာဒိုလစ်မှ ပရီတိုက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် လက်ဆောင်အဖွင့်ဂိုး ရရှိခဲ့သည်။

အောင်ပွဲခံ

ဘာစီလိုနာတို့ ဂိုးဆက်တိုက် သွင်းယူရေးကြိုးစားခဲ့ရာ မိနစ် ၃၀၌ မက်ဆီ ချပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ရီဒရီကွတ်က ညာခြေနှင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ တတိယဂိုးကိုလည်း ယာယာတိုရေး ဖြတ်တင်ပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် မက်ဆီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ အားတက်ပြီး ဆက်တိုက် ထိုးဖောက်ကစားမှုကြောင့် ၇၆မိနစ်တွင် ယာယာတိုရေး ပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် မက်ဆီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် ၂၀၀၉-၂၀၁၀ခုနှစ် စပိန်လာလီဂါဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

မာလာဂါနှင့် ရီရဲမက်ဒရစ်

ရီရဲမက်ဒရစ်တို့ မာလာဂါအသင်းကို ဂိုးများများသွင်းရန် ကြိုးစားသော်လည်း အရာမထင်ဘဲ ဖြစ်ခဲ့သည်။ မာလာဂါတွင် လိုပက်ဇ်၊ ဒူဒါနှင့် ဖာနန်ဒိုတို့က ခြေပေါ် အောင်ကစားနိုင်ခဲ့သည်။ မာလာဂါအတွက် တစ်လုံးတည်းသောဂိုးကို ပွဲအစ ၉မိနစ်၌ ဒူဒါက သွင်းယူခဲ့သည်။ သို့သော် ၄၈မိနစ်၌ ဗန်ဒါဗက်စ်က ချေပဂိုးသွင်းယူခဲ့သဖြင့် ရီရဲမက်ဒရစ်တို့ ပွဲပြီးသည်အထိ အနိုင်ဂိုး ဆက်မသွင်းနိုင်သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ပွဲချိန်ပြည့်ခါနီးမှ ဒူဒါ အနီကတ်ပြအထုတ်ခံရသဖြင့် နစ်နာခဲ့ရသည်။

ထိုးဖောက်ကစား

ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ(ယာ) ဂိုးသွင်းယူနိုင်ရေး ဤသို့ ထိုးဖောက် ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်များ

အိုဆာဆူနာ	၁-၁	စီရက်ဇ်
ရေဆင်း	၂-၀	စပို့စ်တင်းဂိုင်ဂျွန်
ဗလင်စီယာ	၁-၀	တီနေရီဖီ

(အင်တာနက်)

လက်ရည်ဆန်းစစ် ရေကူးပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အလားအလာရှိသော သွေးသစ်ရေကူး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် လက်ရည်ဆန်းစစ်ရေကူးပြိုင်ပွဲကို မေ ၁၆ရက်နှင့် ၁၇ရက် နံနက် ၈နာရီတို့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ယင်းပြိုင်ပွဲ၏ မေ ၁၆ရက်တွင် ပြိုင်ပွဲပေါင်း ၃၄ပွဲကိုလည်းကောင်း၊ မေ ၁၇ရက်တွင် ပြိုင်ပွဲပေါင်း ၁၁ပွဲကိုလည်းကောင်း ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အလောင်းတော်ကဿပမထေရ် ရုပ်ပွားတော်ကို ဖူးတွေ့ရစဉ်။

○ *ကျောဖုံးမှ*

အနောက်မြောက်မြို့တော် သလ္လာဝတီခေါ် မုံရွာမြို့သည်ကား နံနက်လင်းအားကြီးချိန်မှာပင် စတင်နိုးထနေပေပြီ။ ဈေးသွားသူသွား၊ ဆိုင်ဖွင့်သူဖွင့်။ ခရီးသည်တင်ယာဉ်လိုင်းများလည်း စတင်ပြေးဆွဲနေပြီ။ အသစ်ဖောက်လုပ်ထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်လည်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးသူတို့ဖြင့် ပျားပန်းခပ်စပြုနေသည်။ ယခင်ကတည်းက စည်ပင်ဖွံ့ဖြိုးနေခဲ့သော မုံရွာမြို့သည် ယခင်ကထက်ပို၍ စည်ကားတိုးတက်နေသည်ကား မျက်ဝါးထင်ထင်ပင်။

ဝင့်ဝင့်ကြွားကြွား

မိမိတို့သတင်းအဖွဲ့ စီးနင်းလိုက်ပါလာသော ကားလေးသည် မုံရွာ-ရေဦးလမ်းအထိ ၄၁မိုင်ရှိသော လမ်းအတိုင်းသွားရသည်။ နှစ်ပေါင်းများစွာ ယင်းလမ်းကို အမှီပြု၍ သွားရသည်။ သက်တမ်းရင့် လမ်းဟောင်းကြီးတစ်ခုဖြစ်သည်။

ဒုတိယလမ်းမှာ မုံရွာ- ယာကြီး-ကလေးဝလမ်းပေါ်မှ မိုင်တိုင်အမှတ် (၂၈) အနီးရှိ သစ်ယာပင်ကျေးရွာမှ တစ်ဆင့်သွားရသော သစ်ယာပင်-ကပိုင်လမ်းဖြစ်သည်။ ၁၀မိုင်ခန့်ရှည်သည်။ မုံရွာမြို့မှဆိုလျှင် ၃၈မိုင်ခန့်သွားရသည်။

ဖောက်လုပ်ထား

တတိယလမ်းမှာကား ယခုမိမိတို့ သတင်းအဖွဲ့သွားနေသည့် တရော်ကျင်း-ကပိုင်လမ်းဖြစ်သည်။ မိုင် ၂၀ခန့်ရှည်သည်။ မုံရွာမှဆိုလျှင် ၃၁မိုင်ခန့် သွားရုံဖြင့် ရောက်သည်။ လမ်းမျက်နှာပြင်ညီညာပြီး မိုးထိမတတ် မြင့်မတ်စွာ တည်ရှိနေသည်။ ဟည်းထနေသောဝါးရုံကြီးများ၊ ချုံနွယ်ပင်များကြားဝယ် တောပန်း ရောင်စုံတို့က သူ့ထက်ငါ အလှချင်းပြိုင်နေကြသည်။ ပန်းရောင်စုံများကြားတွင်တော့ အမျိုးအမည်များပြားလှစွာသော လိပ်ပြာလေးများက ဟိုသည်ကူးလူးလျက်။ သပိတ်ဆေးချောင်းနှင့် စမ်းချောင်းငယ်လေးများ၏ စမ်းရေစီးသံကလည်း သဘာဝဂီတသံစဉ်တစ်ခုအလားထင်မှတ်မှားရသည်။ ဘယ်ဆေးရေးလို့မှ မမီနိုင်သည့် သဘာဝပန်းချီကားချပ်ကြီးတစ်ခုနှယ် သာယာလှပလွန်းလှပေသည်။

သပိတ်ဆေးစခန်း အရောက်တွင်တော့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၏ အုပ်ချုပ်ရေးမှူးဖြစ်သူ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွဋ်နှင့် အခန့်သင့်ပင်တွေ့ရသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ သစ္စာရေတွင်းကို တွေ့ရစဉ်။

အတိုင်း မြို့မြောက်ဘက်သို့ မောင်းနှင်လာသည်။ အလုံတပ်မြို့နားရောက်သည်နှင့် ကားက လက်ဝဲဘက်လမ်းမကြီးအတိုင်း ချိုးကွေ့မောင်းနှင်သည်။ မေးစမ်းကြည့်မိလိုက်တော့မှ ယင်းလမ်းမှာ မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ကြီးမှန်း သိရတော့သည်။ ရှေ့ကိုကြည့်လိုက်တော့ ချင်းတွင်းမြစ်ကူးတံတားကြီးက ခံ့ခံ့ညားညား၊ ဝင့်ဝင့်ကြွားကြွား။ လမ်းသစ်ကြီးပေါ်မှာ ခရီးဆန့်ရင်း မိုင်တိုင်အမှတ်(၁၁)ရှိ တရော်ကျင်းကျေးရွာသို့ အရောက်တွင် လက်ဝဲဘက်ရှိ မြေသားအမာခံလမ်းမကြီးဘက်သို့ ကားက ချိုးကွေ့ မောင်းနှင်သည်။

''ဒါ....တရော်ကျင်း-ကပိုင်လမ်းသစ်ပဲ၊ အလောင်းတော်ကဿပကို ခရီးအတိုဆုံးနဲ့ရောက်အောင် ဖောက်ထားတာ'' ဟု ကိုမျိုးဇော်ကပြောရင်း အလောင်းတော်ကဿပသို့ သွားရောက်နိုင်သည့်လမ်းများ အကြောင်းကို ရှင်းပြသည်။

သက်တမ်းရင့်

အလောင်းတော်ကဿပသို့ သွား၍ရသည့် မူလလမ်းမှာမုံရွာမြို့မှ ဇက်ရေယာဉ်ဖြင့် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ညောင်ပင်ကြီး ဆိပ်ကမ်းသို့ကူး၊ ထိုမှတစ်ဆင့် ယင်းမာပင်မြို့နယ်ကိုဖြတ်၍ ယင်းမာပင်- ကပိုင်- သပိတ်ဆေးစခန်းယာဉ်နှစ်စီးမောင်းသာအောင် ဖောက်လုပ်ထားသည်။

အဆိုပါလမ်းမှကွင်းစပ်၊ ညောင်ကိုင်း၊ တာဝ၊ သီးကုန်းစသည့် ကျေးရွာများကို ဖြတ်သန်းပြီးနောက် ကပိုင်စခန်းသို့ ရောက်သည်။

ကပိုင်စခန်းသည်ကား အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၏ အဝင်ဝပင်ဖြစ်သည်။ ကပိုင်စခန်းမှတစ်ဆင့် ဘုရားဝစခန်း၊ ထိုမှတစ်ဆင့် သပိတ်ဆေးစခန်းသို့ရောက်သည်။ နားနေရန် သစ်လုံးအိမ်လေးများ တည်ဆောက်ထားသဖြင့် သစ်လုံးအိမ်စခန်းဟုလည်းခေါ်သည်။ ကားများရပ်နားရန် စခန်းရှိသည်။

သာယာလှပ

ကပိုင်စခန်းမှ သပိတ်ဆေးစခန်းသို့လာရာ လမ်းတစ်လျှောက်တွင်ကား နံနက်ခင်း နေခြည်နုနှင့်အတူ ကျေးငှက်သာရကာများ၏ ဟိုမှဒီမှလွတ်လပ်စွာပျံဝဲကာ တွန်ကျူးနေသံကို မြင်ရကြားရ၏။ မနီးမဝေးဆီမှ ချေဟောက်သံသဲ့သဲ့ကလည်း တောသဘာဝကို လှစ်ဟပြနေသည့်နှယ်။ မလှမ်းမကမ်းတွင်လည်း စိမ်းညို့ညို့ သစ်တောကြီးများ ဖုံးလွှမ်းနေသည့် တောင်တန်းများ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့်သစ်ပင်ကြီးများကား

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ပိုင် ဆင်လိမ္မာများက ဘုရားဖူးလာပြည်သူများအား ဤသို့ဆင်လိမ္မာအကဖြင့် ဖျော်ဖြေကြစဉ်။

''ဒီအမျိုးသားဥယျာဉ်မှာ သစ်ပင်သစ်တောတွေနဲ့ သားငှက်တိရစ္ဆာန်တွေ သဘာဝအတိုင်း ဆက်လက်ရှင်သန်နေစေဖို့ ကျွန်တော်တို့က ကာကွယ်ထိန်းသိမ်းနေပါတယ်''ဟု ဦးရဲထွဋ်က ပဋိသန္ဓာရစကားဆိုရင်း ဥယျာဉ်အကြောင်းကို ရှင်းပြသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည်ကား မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဥယျာဉ်ကြီးဖြစ်သည်။ စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်း၌ တည်ရှိသည်။ ဧက ၃၉၄၇၈၀၊ မိုင်အားဖြင့် ၆၁၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ ပုထိုးလုံးကြီးပိုင်းနှင့် တောင်တွင်းကြီးပိုင်းတို့မှာ ဥယျာဉ် နယ်နိမိတ်အတွင်းပါဝင်ပြီး ဥယျာဉ်မှာ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့အကြား၌ တည်ရှိသည်။

သတ်မှတ်

၁၉၈၃ ခုနှစ်တွင် နိုင်ငံတော်က အလောင်းတော်ကဿပ ဘေးမဲ့တောအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ဥယျာဉ်သက်တမ်းမှာ ၂၇ နှစ်ပင် ရှိပေပြီ။

ဥယျာဉ်အတွင်း၌ အထက်ရွက်ပြတ်ရောနှောတောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အောက်ရွက်ပြတ်ရောနှောတောစို၊ အင်တိုင်းတော၊ ထင်းရှူးတောများ ပေါက်ရောက်သည်။ ချောင်းကမ်းစပ်အချို့နေရာများတွင် အမြဲစိမ်းတောများလည်း ရှိသည်။ သစ်အမျိုးအစားအားဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သစ်ရာ၊ အင်ကြင်း၊ သင်းဝင်၊ ထောက်ကြံ့၊ နှော၊ အင်၊ ရင်းတိုက်၊ မျောက်ချောစသည့် သစ်မျိုး စုစုပေါင်း ၁၅၀ ခန့်ရှိသည်။ တင်းဝါး၊ ကြသောင်းဝါး၊ မြင်ဝါးစသည့် ဝါးမျိုး ၁၀မျိုး၊ ကြိမ်လေးမျိုးနှင့် ရှားပါးပရဆေးပင်များ ပေါက်ရောက်ကြောင်း သိရှိရသည်။ ပေ ၃၀၀၀ အထက်ရှိ တောင်တန်းများတွင် ထင်းရှူးပင်များ ပေါက်ရောက်ကြောင်း ဦးရဲထွဋ်က ပြောကြားသည်။

မြေပြင်အနေအထားအနေဖြင့် ပင်လယ်ရေပြင်အထက် ပေ၂၀၀၀ မှ ၄၀၀၀ အထိ မြင့်သော တောင်ကုန်းတောင်တန်းများကြား၌ တောင်ကြားလျှိုမြောင်၊ ချောက်ကမ်းပါးတို့အပြင် မြက်ခင်းလွင်ပြင်များလည်းရှိသဖြင့် ရှုချင်စဖွယ်မြင်ကွင်းများဖြင့် လှပတင့်တယ်နေသော ဥယျာဉ်ကြီးဖြစ်သည်။

တောတောင်စိမ့်စမ်းများဖြင့် သာယာလှသည့် ဥယျာဉ်အတွင်း၌ ဆင်၊ ကျား၊ ကျားသစ်၊ ပြောင်၊ စိုင်၊ ဆတ်၊ ချေ၊ တောဝက်၊ တောဆိတ်၊ ဝက်ဝံ၊ တောခွေး၊ မျောက်အမျိုးမျိုး၊ တောကြောင် အမျိုးမျိုးတို့က သဘာဝအတိုင်း လွတ်လပ်စွာ ကျက်စားနေကြသည်။

အောင်လောင်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ဒေါင်း၊ ရစ်စသည့် ငှက်မျိုးစိတ် ၁၁၄မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၁၃မျိုး၊ လိပ်ပြာမျိုးစိတ် ၂၄၀နှင့် ပိတုန်းကဲ့သို့ အခွံမာ အင်းဆက်မျိုးများလည်း မှီတင်းနေထိုင်ကြသည်။

ကျွန်တော်တို့အဖွဲ့သည် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့်အတူ သပိတ်ဆေးစခန်းမှ ဥယျာဉ်ပိုင်ဆင်များဖြင့် ထွက်ခွာလာခဲ့ရာ တစ်မိုင်ခန့်အရောက်တွင် အလောင်းတော်ကဿပရင်ပြင်တော်သို့ ရောက်ရှိခဲ့သည်။

အဆင်ပြေချောမွေ့

ရင်ပြင်တော်၌ ဆုံတွေ့ရသူကား မိတ်ဆွေဟောင်းကြီးဖြစ်သူ ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းပင်ဖြစ်သည်။ လာရင်းအကြောင်းကို မေးမြန်းကြည့်ရာ ''အလောင်းတော်ကဿပ ဇရိယာက ယင်းမာပင်မြို့နယ်ထဲမှာ မပါပေမယ့် သွားလာဆက်သွယ်ရေး လွယ်ကူမှုအရ ကျွန်တော်တို့မြို့နယ်ကပဲ ဒီဥယျာဉ်ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စတွေ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးရတယ်။ အဲဒါကြောင့်.... ဒီကိုလာတာပါ''ဟု ဖြေကြားသည်။

ဥယျာဉ်သို့လာရာ လမ်းများ၏ အခြေအနေနှင့် ပတ်သက်၍လည်း ဦးဌေးဝင်းက ''အလောင်းတော်ကဿပကို လာဖို့ လမ်းသုံးလမ်းရှိလာတဲ့အတွက် အရင်ကလို သွားရေးလာရေးမခက်တော့ပါဘူး။ ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းက ရှိပြီးသားလမ်းနှစ်လမ်းကို ပြုပြင်ပြီး တရော်ကျင်း-ကပိုင်လမ်းသစ်ကို ဖောက်ခဲ့တယ်။ ဒီဇင်ဘာ ၇ရက်က လမ်းဖွင့်ပွဲ ကျင်းပခဲ့တယ်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ဦးစီးပြီးဆောင်ရွက်ခဲ့တာပါ။ အခု ဒီလမ်းသုံးလမ်းကို ကျောက်ချောလမ်းဖြစ်အောင်လုပ်နေပြီ။ ရာသီမရွေး သွားလာနိုင်အောင်ပေါ့''ဟု ရှင်းပြသည်။ ပုံတောင်ပုံညာနှင့် ဂန့်ဂေါဒေသမှ လာရောက်နိုင်ရန်အတွက်လည်း လမ်းသစ်တစ်လမ်း ဖောက်လုပ်နေပြီဖြစ်ကြောင်း ဦးဌေးဝင်းက ဆက်လက်ပြောကြားသည်။

ရောဂါဘယကင်းဝေး

ကျွန်တော်တို့အဖွဲ့သည် ရင်ပြင်တော်မှ တစ်ဆင့်အလောင်းတော်ကဿပစံကျောင်းတော်ရှိ အလောင်းတော်ကဿပ မထေရ် ရုပ်ပွားတော်နှင့် အလောင်းတော်ကဿပ မထေရ် လဲလျောင်းရာ လိုဏ်ဂူတော်တို့ကို သွားရောက်ဖူးမြော်ခဲ့ကြသည်။ လမ်းခုလတ်တွင် သောက်သုံးသူတိုင်း ရောဂါဘယကင်းဝေးသည်ဟုဆိုသော သစ္စာရေတွင်းကိုလည်း တွေ့ရသည်။

ဤနေရာများသည် ဘာသာရေးအရ အရေးပါသောနေရာဒေသဖြစ်၍ အထွတ်အမြတ်နယ်မြေအဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ဦးဌေးဝင်းက ပြောကြားသည်။

လိုဏ်ဂူတော်မှ ရင်ပြင်တော်ပေါ်သို့ ပြန်ရောက်ပြီးနောက် သစ်တောဦးစီးဌာန ပညာပေးပြခန်းတွင် ဝင်ရောက်လေ့လာရင်း ဦးရဲထွဋ်တို့အဖွဲ့နှင့် စကားဝိုင်းဖွဲ့မိပြန်သည်။

''ဥယျာဉ်ကိုလာရင် အလောင်းတော်ကဿပမထေရ်ကို ဖူးမြော်နိုင်သလို တောတွင်းစခန်းချနေထိုင်ပြီး သစ်တော၊ သစ်ပင်၊ ပန်းမန်တွေဝေဆာနေတဲ့ သဘာဝအလှ ရှုခင်းတွေကိုလည်း တဝကြီး လေ့လာအပန်းဖြေနိုင်ပါတယ်''ဟု ဦးရဲထွဋ်က ပြောကြားသည်။

ထို့အပြင် သဘာဝသစ်တောမျိုးစုံတို့၏ တည်ရှိမှုအခြေအနေ၊ တောရိုင်းတိရစ္ဆာန်များ၊ ဌာနေငှက်မျိုးများနှင့် လိပ်ပြာမျိုးများကို စောင့်ကြည့်လေ့လာနိုင်ပြီး ရွက်ပြတ်ရောနှောတောနှင့် ထင်းရှူးတော ဆက်စပ်ရောနှောပေါက်ရောက်နေမှုကိုလည်း သုတေသနပြုလေ့လာနိုင်ကြောင်း သိရှိရသည်။

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအောက်ရှိ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ဥယျာဉ်အတွင်း၌ သက်ရှိသက်မဲ့ သဘာဝဖြစ်စဉ်များ (Ecosystems) ကို ရေရှည်တည်တံ့ရေး အတွက် ထိန်းသိမ်းကာကွယ်နေသကဲ့သို့ လိပ်ပြာမျိုးစိတ်များစုဆောင်းခြင်း၊ ငှက်မျိုးစိတ်အရေအတွက် စာရင်းကောက်ယူခြင်း၊ တွားသွားသတ္တဝါမျိုးများ လေ့လာခြင်း၊ ကင်မရာ ထောင်ချောက်များအသုံးပြု၍ ကျား၊ ကျားသစ်၊ တောဆင်ရိုင်း၊ ပြောင်၊စိုင်၊ ဝက်ဝံစသည့် သားငှက်တိရစ္ဆာန်များနေထိုင်ကျက်စားမှုအခြေအနေကို စောင့်ကြည့်လေ့လာခြင်း၊ သစ်ပင်မျိုးများ၊ သစ်ခွမျိုးများနှင့်ဝါးမျိုးများကို စုဆောင်းလေ့လာခြင်း စသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပညာပေးဟောပြော

အလားတူ သဘာဝထိန်းသိမ်းရေး လုပ်ငန်း အောင်မြင်ရေးအတွက် အရေးပါသော စီမံချက်ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံသတင်းအချက်အလက် (Base Line Data) များ လေ့လာစုဆောင်းခြင်း၊ ဥယျာဉ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား သစ်တောထိန်းသိမ်းရေးဆိုင်ရာ ပညာပေး ဟောပြောခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ကြောင်း ဦးရဲထွဋ်က ရှင်းပြသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဦးရဲထွဋ်တို့အဖွဲ့နှင့် စကားလက်ဆုံကျရင်း၊ ဥယျာဉ်အတွင်း လှည့်လည်လေ့လာရင်းဖြင့် တောတောင်ရေမြေသဘာဝဆိုင်ရာ ဗဟုသုတများကို လေ့လာဆည်းပူးခွင့်ရခဲ့ပြီးနောက် မွန်းလွဲပိုင်းတွင် မုံရွာမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည်ကား ဘာသာရေးအရ အထွတ်အမြတ်နယ်မြေတည်ရှိသည့် နေရာဒေသတစ်ခုဖြစ်သည်။ ထို့အပြင် သဘာဝပန်းချီကားချပ်ကြီးတစ်ခုအလား သာယာလှပတင့်တယ်သည့် တောတောင်ရေမြေနှင့် သားငှက်တိရစ္ဆာန်မျိုးစုံ မှီတင်းနေထိုင်ရာ ဥယျာဉ်ကြီးတစ်ခုလည်းဖြစ်သဖြင့် အပန်းဖြေ လေ့လာချင်စဖွယ် ဒေသတစ်ခုလည်းဖြစ်သည်။ ယနေ့အချိန်အခါတွင် ဥယျာဉ်သို့ လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်ရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ သဘာဝအလှနှင့် ရေမြေသဘာဝဆိုင်ရာ ဒေသန္တရဗဟုသုတတို့ကို ခံစားလေ့လာနိုင်ရန် သွားရောက်လည်ပတ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(သတင်းစဉ်)

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ရှိ သဘာဝသစ်တောကြီးများကို တွေ့မြင်ရစဉ်။

ကမ္ဘာ့ဖလားပုံရိပ်လွှာ

ဘရာဇီးနဲ့ အီတလီတို့ အောင်ပန်းဆင်နိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားပွဲများ

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

တိုကျို မေ ၁၇

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကတော့ အာရှမှာ ပထမဆုံးပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှာ ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေနဲ့ ပထမဆုံးပူးတွဲအိမ်ရှင်အဖြစ် စမ်းသပ်ကျင်းပတဲ့ပွဲဖြစ်သလို အောင်မြင်စွာလည်းကျင်းပနိုင်ခဲ့တာမို့ ဖီဖာရဲ့ ဆုံးဖြတ်ချက်ဟာ မှတ်တမ်းတင်စရာဖြစ်ခဲ့ရတဲ့ပွဲလို့ သတ်မှတ်ခံခဲ့ရပါတယ်။ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နိုင်ငံတကာက ခြေစစ်ပွဲဝင်တဲ့ ဘောလုံးအသင်း ပေါင်း ၁၉၉ သင်းရှိခဲ့ပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲကို ၃၂ သင်း တက်ရောက်ဆင်နွှဲခဲ့ပါတယ်။ ပြိုင်ပွဲမကျင်းပမီကတည်းက နာမည်ကြီးပြီး ပရိသတ်တွေ စိတ်ဝင်စားခြင်းခံရတဲ့အသင်းကတော့ နယ်သာလန်ပဲ ဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ ဘောလုံးသမားတစ်ဦးချင်း အရည်အသွေးပြည့်ဝပြီး အုပ်စုဖွဲ့ ကစားတာကလည်း လျင်မြန်တိကျလွန်းတာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ အာရုံစိုက်မှုကိုခံခဲ့ရခြင်းလည်း ပါဝင်နေပါတယ်။

အိမ်ရှင်

အိမ်ရှင်တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့ဟာ ကမ္ဘာ့ဖလားပွဲကို တစ်စုံတစ်ရာ အခက်အခဲမရှိဘဲ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့လို့ ဖီဖာက မှတ်တမ်းတင်အသိအမှတ်ပြုခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၃၂ သင်းက စုစုပေါင်း ၆၄ပွဲ ကစားခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲကိုတော့ ဘရာဇီးနဲ့ ဂျာမနီ အသင်းတို့ တက်ရောက်လာခဲ့ကြပါတယ်။ နောက်ဆုံးဗိုလ်လုပွဲမှာတော့ ဘရာဇီးတို့က နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ကမ္ဘာ့ဖလားကြီးကို ပဉ္စမအကြိမ်မြောက်ဆွတ်ခူးပြီး အိမ်အပြန်မျက်နှာပန်းလှခဲ့ပါတယ်။

ဂိုးသွင်းမှု

ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲတဲ့ ၃၂ သင်းရဲ့ စုစုပေါင်းသွင်းဂိုးဟာ ၁၆၁ ဂိုးရှိခဲ့တာမို့ တစ်ပွဲချင်းသွင်းဂိုးဟာ ၂ ဒသမ ၅၂ ဂိုးနှုန်းရှိခဲ့ပါတယ်။ ဂိုးအများဆုံးသွင်းနိုင်ခဲ့တဲ့ အသင်းကတော့ ဘရာဇီးဖြစ်ပြီး စုစုပေါင်း ၁၈ ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တစ်ဦးချင်းဂိုးအများဆုံးအဖြစ် ရှစ်ဂိုးသွင်းယူခဲ့ပြီး ရွှေဖိနပ်ဆုရရှိခဲ့သူကတော့ ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုပဲ ဖြစ်ပါတယ်။

ထူးခြားမှု

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဘောလုံးအသင်း သုံးသင်း ခြေစစ်ပွဲဝင်မပြိုင်ရဘဲ ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခွင့် ရခဲ့ပါတယ်။ အဲဒီအသင်းတွေက ကမ္ဘာ့ဖလားလက်ရှိချန်ပီယံပြင်သစ်၊ အိမ်ရှင် တွေဖြစ်တဲ့ ဂျပန်နဲ့တောင်ကိုရီးယားတို့ပဲ ဖြစ်ပါတယ်။ ကမ္ဘာကျော် ဘောလုံးသမားရော်နယ်ဒိုဟာ ကွာတားဖိုင်နယ်ပွဲစဉ် ကစားပြီးတဲ့နောက်ပိုင်း ဆံပင်ပုံစံကို ပြောင်းခဲ့ပြီး သူ့ရဲ့သားငယ်ကို နမ်းနေချိန် သားငယ်က "အဖေ"လို့ ခေါ်လိုက်တဲ့ မြင်ကွင်းကို ရုပ်မြင်သံကြားတွေက အသံရောရုပ်ပါ ရိုက်ကူးပြသခဲ့လို့ ကမ္ဘာ့ပရိသတ်တွေ ရော်နယ်ဒိုရဲ့ အဲဒီမြင်ကွင်းဓာတ်ပုံကို တောင်းဆို ကြလွန်းလို့ ဓာတ်ပုံထုတ်ရောင်းရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် တောင်ကိုရီးယားနဲ့ ပိုလန်တို့ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ လေလွင့်ချိန်ထပ်ဆောင်းပေးတဲ့ အချိန်အတွင်းမှာ လူစားဝင်ကစားတဲ့ တောင်ကိုရီးယားအသင်းက ချာဒူးရီဟာ ဝင်ကစားပြီး စက္ကန့် ၂၀အကြာမှာ အဝါကတ်ပြ သတိပေးခဲ့ရတာလည်း အမြန်ဆုံး ပြစ်ဒဏ်သတ်မှတ်ခံရခြင်း သမိုင်းဝင် ဖြစ်ရပ်ပါပဲ။

တောင်ကိုရီးယား

ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်အသင်းမှ မိုက်ကယ်အိုဝင်၊ ဒေးဗစ်ဘက်ခမ်းနှင့် ဖာဒီနန်တို့ နာမည်ကြီးခဲ့ကြသလို ဘရာဇီးက ရီဗာဒိုလည်း နာမည်ကြီးခဲ့ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားအသင်းက ပတ်ဂျီဆန်လည်း ခြေစွမ်းပြကစားနိုင်ခဲ့လို့ နာမည်ကြီးခဲ့သလို တောင်ကိုရီးယားအသင်း ကွာတားဖိုင်နယ်တက်တဲ့အထိ စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ တောင်ကိုရီးယားအသင်း ကွာတားဖိုင်နယ်တက်ရောက်နိုင်တာဟာ အာရှဘောလုံးအသင်းတွေထဲမှာ ပထမဆုံးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

အထုတ်ခံရ

နောက်ပြီး ဥရုဂွေးနဲ့ ပြင်သစ်အသင်းတို့ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ အွန်နရီ အနီကတ်ပြ အထုတ်ခံခဲ့ရတာကလည်း နာမည်ကြီး ဘောလုံးသမားတစ်ဦး အထုတ်ခံခဲ့ရတဲ့ ပထမဆုံး ဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရတာ ဖြစ်ပါတယ်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဖွင့်ပွဲကို တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပပြီး ပိတ်ပွဲနဲ့ နောက်ဆုံးဗိုလ်လုပွဲကို ဂျပန်နိုင်ငံမှာ ကျင်းပခဲ့ပါတယ်။

ခေါ်ယူ

ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပထမဆုံး ခြေစစ်ပွဲဝင်ပြိုင်ပြီး အောင်မြင်ခဲ့တဲ့ ဆီနီဂေါအသင်းဟာ မျက်နှာသစ်ဖြစ်ပေမယ့် ထူးထူးခြားခြား ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ဆီနီဂေါဘောလုံးသမားတွေ နာမည်ကြီးခဲ့ကြပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးတဲ့အခါ ဆီနီဂေါအသင်းက ဘောလုံးသမား ၁၄ဦးကို နိုင်ငံတကာ ထိပ်တန်းအသင်းတွေက အလုအယက် စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ကြတာလည်း စိတ်ဝင်စားစရာဖြစ်ရပ်ပါပဲ။

ဒါကြောင့်ဘရာဇီးတို့ငါးကြိမ်မြောက်ဗိုလ်စွဲခဲ့တဲ့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ အာရှအတွက်တော့ ဂုဏ်ယူစရာကောင်းတဲ့ပွဲအဖြစ် မှတ်တမ်းတင်ရမှာပဲ ဖြစ်ပါတယ်။

ငါးကြိမ်မြောက် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့် ဘရာဇီးဘောလုံးသမားများ၏ အောင်ပွဲခံပျော်ရွှင်မှုအပြုံးများ....။

၂၀၀၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အိမ်ရှင်ကတော့ ဂျာမနီပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားကို သုံးကြိမ်ရရှိထားတဲ့

၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကမ္ဘာ့ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့သည့် အီတလီအသင်းသားများ ကမ္ဘာ့ဖလားကို ကိုင်မြှောက်ကာ ဤသို့အောင်ပွဲခံခဲ့ကြသည်။

ဂျာမနီအသင်းဟာ အိမ်ရှင်ဖြစ်တာမို့ လေးကြိမ်မြောက်ဖလား ဆွတ်ခူးနိုင်ရေးအတွက် ဘောလုံးသမားတွေကို စနစ်တကျ ရွေးချယ်ပြီး အချိန်ယူ လေ့ကျင့်ကာ ယှဉ်ပြိုင်စေခဲ့တာဖြစ်ပါတယ်။

ပြိုင်ပွဲဝင်

ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ဆင်နွှဲဖို့အတွက် ခြေစစ်ပွဲဝင်ခဲ့တဲ့အသင်းတွေ စုစုပေါင်း ၁၉၈သင်း ဖြစ်ပါတယ်။ ၃၂သင်း ခြေစစ်ပွဲအောင်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ပရိသတ်စိတ်ဝင်စားတဲ့ အသင်းတွေကတော့ ကင်မရွန်းနဲ့ နိုင်ဂျီးရီးယားတို့ဖြစ်ပြီး ထူးထူးခြားခြား ခြေစစ်ပွဲအောင်ခဲ့တဲ့ အသင်းတွေကတော့ အင်ဂိုလာ၊ အိုင်ဗရီကို့စ်၊ ဂါနာ၊ တိုဂို၊ ထရီနီဒက်နဲ့ တိုဘာဂိုအသင်းတွေပဲ ဖြစ်ပါတယ်။

ဗိုလ်စွဲ

ပြိုင်ပွဲဝင် ၃၂သင်းက စုစုပေါင်း ၆၄ပွဲကစားခဲ့ကြပြီး ဂိုးပေါင်း ၁၄၇ဂိုး သွင်းယူနိုင်ခဲ့ကြပါတယ်။ တစ်ပွဲချင်း ဂိုးသွင်းနှုန်းက ၂ ဒသမ၃၀ ဖြစ်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကိုတော့ အီတလီနဲ့ ပြင်သစ်အသင်းတွေ တက်ရောက်ခဲ့ကြပြီး အချိန်ပိုကစားတဲ့အထိ တစ်ဂိုးစီ သရေဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ပယ်နယ်တီ အဆုံးအဖြတ် ကန်သွင်းရာမှာ အီတလီတို့က ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါတယ်။

ဂိုးသွင်းမှု

ပြိုင်ပွဲတစ်လျှောက်မှာ အိမ်ရှင်ဂျာမနီအသင်းက စုစုပေါင်း ၁၄ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ နောက်ပြီး တစ်ဦးချင်း ဂိုးအများဆုံး သွင်းသူကလည်း ဂျာမနီတိုက်စစ်မှူး ကလိုဆေးပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလား ကိုင်မြှောက်ခွင့်ရဖို့ ကြိုးစားမှု အရာမထင်ဖြစ်ခဲ့ရပါတယ်။

စတင်

၂၀၀၆ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှစတင်ပြီး လက်ရှိကမ္ဘာ့ဖလားချန်ပီယံ အသင်းတွေဟာ အလိုအလျောက် ခြေစစ်ပွဲအောင်ခွင့်မရှိတော့ဘဲ ခြေစစ်ပွဲ ပြန်ဝင်ခဲ့ရပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီး အသင်းဟာ ခြေစစ်ပွဲဝင်ခဲ့ရပြီး အောင်မြင်မှ ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။

များပြား

အိမ်ရှင် ဂျာမနီအသင်းဟာ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲအဖြစ် ဆွီဒင်နဲ့ ကစားတဲ့ပွဲမှာ ပြိုင်ပွဲကျင်းပရာ ဘရန်ဒန်ဘတ်ကွင်းမှာ ပရိသတ်ပြည့်ကျပ်နေလို့ ကွင်းအပြင်ဘက်နဲ့ အခြားနေရာတွေမှာ ဖန်သားမျက်နှာပြင်ကြီးမားတဲ့ ရုပ်မြင်သံကြားစက်တွေနဲ့ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့တာမို့ ကြည့်ရှုသူဦးရေက ၇၅၀၀၀၀ကျော် ရှိခဲ့ပါတယ်။ ဂျာမနီအသင်းကို ဝက်ဝက်ကွဲ အားပေးမှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

၂၀၀၆ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ခြေစစ်ပွဲတွေကစားတဲ့အခါ အာရှဇုန်ရွှေးထွက်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဥဇဘက်ကစ္စတန်နဲ့ ဘာရိန်းအသင်းတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ ဥဇဘက်ကစ္စတန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာရိန်းတို့က စောဒကတက်ခဲ့လို့ ရုပ်သံအကူအညီနဲ့ ပွဲကစားမှု ပြန်ကြည့်တဲ့အခါ ကွင်းလယ်ဒိုင်လူကြီးက ဂိုးပေးမှု မှားယွင်းစွာ ဆုံးဖြတ်ခဲ့တာကြောင့်လို့ ဖီဖာက ဆုံးဖြတ်ပြီး အဲဒီပွဲကို နောက်တစ်ကြိမ် ထပ်မံကစားစေခဲ့တာကလည်း ထူးခြားမှု တစ်ရပ်ပါပဲ။

ဒါ့အပြင် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်ဖြစ်တဲ့ ခရိုအေးရှားနဲ့ ဩစတြေးလျတို့ပွဲမှာ အင်္ဂလန်နိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်ဟာ ခရိုအေးရှားအသင်းမှ စီမူနစ်ကို အဝါကတ်သုံးကြိမ်ပြပြီး မှားယွင်းစွာ ဆက်လက်ကစားစေခဲ့ပါတယ်။ ပရိသတ်တွေရဲ့ အော်ဟစ်မှုကြောင့် မှတ်တမ်းကို ပြန်ကြည့်ပြီးမှ ထုတ်ပစ်ခဲ့ရတာလည်း ထူးခြားဖြစ်စဉ် တစ်ရပ်ပါပဲ။

ပြစ်ဒဏ်များ

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ပွဲစဉ် ၆၄ ပွဲအပြီးမှာ အဝါကတ် ၃၂၆ ကြိမ်၊ အနီကတ် ၂၈ ကြိမ် အသုံးပြုခဲ့တာမို့ ကမ္ဘာ့ဖလားပွဲသမိုင်းမှာတော့ အများဆုံးအဖြစ် စံချိန်တင်ခဲ့ပါတယ်။ အဲဒီ အဝါကတ်၊ အနီကတ်အသုံးပြုခဲ့တဲ့ ကွင်းလယ် ဒိုင်လူကြီးတွေထဲမှာ ရုရှားနိုင်ငံသား ဗာလင်တင် အိုင်ဗင်နော့ဗ်က ပေါ်တူဂီနဲ့ နယ်သာလန်တို့ပွဲ တစ်ပွဲတည်းမှာကိုပဲ အဝါကတ် ၁၆ ကြိမ်နဲ့ အနီကတ် လေးကြိမ် ထုတ်သုံးခဲ့တာမို့ အများဆုံးစံချိန်လည်း ဖြစ်ခဲ့ပါတယ်။

အနီကတ်

ဒါ့အပြင် ပြင်သစ်နဲ့ အီတလီတို့ပြိုင်ပွဲမှာ ပြင်သစ်အသင်းရဲ့ ကမ္ဘာကျော်ဘောလုံးသမား ဇီဒန်းဟာ အီတလီက မာတာရာဇီရဲ့ ရင်ဘတ်ကို ဦးခေါင်းနဲ့ဝင်တိုက်ခဲ့တာမို့ အနီကတ်ပြခံရတာကလည်း ထူးခြားမှုတစ်ရပ်ဖြစ်ပါတယ်။

အကြောင်းအချက်မျိုးစုံလှတဲ့ ၂၀၀၆ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပွဲဟာလည်း ကမ္ဘာ့ပရိသတ်တွေကို ရသမျိုးစုံပေးစွမ်းနိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ။ **ကိုးကား-အင်တာနက်**

စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ သထုံ၌ ကျင်းပ

သထုံ မေ ၁၇

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် ကဏ္ဍအလိုက် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၅ရက် မွန်းလွဲ ၁နာရီခွဲက သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုဝေလွင်က စီမံကိန်း တာဝန်များ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက သထုံမြို့နယ်အတွက် စီမံကိန်းတာဝန်များကို ပေးအပ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းဦးက လက်ခံယူပြီး သထုံမြို့နယ်အတွင်းရှိ မြို့မ (၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉အုပ်စုအတွက် စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ် မန်နေဂျာနှင့် ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့က ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မိုးရာသီ သီးနှံထုတ်လုပ်ရေး ဘဏ်ချေးငွေထုတ်ချေး

လက်ပံတန်း မေ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးတင်လှိုင်နှင့်ဝန်ထမ်းများသည် မေ ၁၀ရက်မှ စတင်၍ ၂၀၁၀ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

(၁၇၅)

ရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော တပ်ကြီးကုန်းအောင်မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးမြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးလှသောင်း(ငြိမ်း) [ဒုတိယအထွေထွေမန်နေဂျာ၊ (စီမံခန့်ခွဲရေး)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]-ဒေါ်မြမြဝင်း (အလပြ-ငြိမ်း၊ အထက-၁၊ မင်္ဂလာဒုံ) တို့၏သား၊ မအိသန္တာသောင်း(ခေတ္တ-စင်ကာပူ)၏အစ်ကို

မောင်ကျော်သူဝင်း B.Sc (Chem:)

Second Mate (F.G)

S.T Johns Ship Management Pte., Ltd.

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးအောင်ကိုကို(ခေတ္တ-မလေးရှား)-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ တစ်ဦးတည်းသောသမီး

မနန္ဒာအောင် B.Sc (Chem:)

Dip in Gem Identification (Y.U)

"နဝရတ်ရွှေစင်" စိန်ရွှေရတနာဆိုင်၊ ယုဇနပလာဇာ

တို့၏ ၁၅-၅-၂၀၁၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးဝင်းဇော်ညွန့်(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် ဇနီး ဒေါ်သန်းသန်းကြည်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ကျေးဇူးရှင် ဖေဖေ ဗိုလ်မှူးလှသောင်း(ငြိမ်း)နှင့် မေမေ ဒေါ်မြမြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)နှင့် ဇနီးအားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးတင်လွှမ်း(ငြိမ်း)နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မဆွေဇင်လင်းအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမေဝါဖြိုးနှင့် မလှုလှုမွေးဝေတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်ထူးဝေမောင်နှင့်မင်္ဂလာသတို့သမီးအရံ မစုရည်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းအလှပြင်ပန်းဝါနွယ် (Floral)၊ မင်္ဂလာဝတ်စုံချုပ်၍ ဆင်မြန်းပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင် မိုးကိုဦးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာ အခါတော်ပေး သီဆိုပေးပါသော အင်္ဂလန်စိန်မငြိမ်းငြိမ်းအိနှင့် မင်္ဂလာတေးသီချင်းများ သီဆိုတီးခတ်ပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော စစ်ဘက်နယ်ဘက် ဌာနဆိုင်ရာမှလူကြီးမင်းများနှင့် မိတ်သင်္ဂဟများအားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ သူငယ်ချင်းများနှင့်ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူဝင်း-မနန္ဒာအောင်။

လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမျိုးမြင့်ဆွေ[ဘူမိဗေဒအရာရှိ(ငြိမ်း)]-ဒေါ်ခင်အေးမြတ် [ဦးစီးအရာရှိ(ငြိမ်း)၊ သတ္တုတွင်းဦးစီးဌာန]တို့၏ တစ်ဦးတည်းသောသား

မောင်ကျော်စွာထက် (CD 26)

Chief Mate (F.G) [Singapore Maritime Academy]

Chief Officer (Ocean Tankers Ptd., Ltd.)

နှင့်

တောင်ကြီးမြို့၊ ညောင်ရွှေ ဟော်ကုန်းရပ်၊ ခိုင်ရွှေဝါလမ်းနှင့် အင်းလေး၊ အင်းပေါခုံ၊ တောင်ရပ်နေ ဒေါက်တာညီညီဝင်း-ဒေါ်သန်းသန်းအေး (မြစကြာပိုးထည်လုပ်ငန်း)တို့၏သမီး တူမ၊ (ဦးသန်းလွင်)-ဒေါ်နန်းမြဦး (မြစကြာပိုးထည်လုပ်ငန်း) တို့၏ သမီးကြီး

ဒေါက်တာမိုးပွင့်ဦး M.B., B.S (MDY)

M.Sc (Biomedical Engineering) (Nanyang Technological University, Singapore)

တို့၏ ၁၄-၅-၂၀၁၀ရက် ရန်ကုန်မြို့နေအိမ်တွင် ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းဝင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး ဒေါ်ခင်ဆွေထွန်းအားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးစံသိန်း(ရုံးအဖွဲ့မှူး-ငြိမ်း၊ သတ္တုတွင်းဦးစီးဌာန)နှင့် ဒေါက်တာညီညီဝင်း (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ တိမွေးကုဦးစီးဌာန)အား လည်းကောင်း၊ ၁၆-၅-၂၀၁၀ရက်တွင် Sedona Hotel (Grand Ballroom) တွင် ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွဋ်နှင့် ဇနီး ဒေါ်တင်တင်ညွန့်၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးဝင်းငွေ (Local Representative, Ocean Tankers Pte., Ltd.)နှင့်ဇနီး ဒေါ်ယဉ်မော်အောင်(Director, Myanmar Oceanwin Services Co., Ltd.) အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာယိင်းယိင်းဝိုခမ်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာခိုင်စုယဉ်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မအိမ့်အိမ့်သူ၊ မင်္ဂလာသတို့သားအရံ မောင်ကောင်းစံဟိန်းနှင့် မောင်ညီလင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ မမျိုးသီတဂူနှင့် မဝင်းယမုံဖူးဝေအားလည်းကောင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မပန်းမို့သီ၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော Designer ပြည့်စိုးအောင်နှင့် အရံဝတ်စုံများကို ဖန်တီးပေးသော Designer ကောင်းမြတ် အားလည်းကောင်း၊ ဆံပင်မိတ်ကပ်ဖန်တီးပေးသော မိတ်ကပ် ကိုမာ၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးအကိုင်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့သော ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာထက်-ဒေါက်တာမိုးပွင့်ဦး။

အမည်မှန်

အမရပူရမြို့ မှန်တန်းရပ်ကွက်နေ အဖ ဦးရွှေမြိုင်၏သမီး ဒေါ်စန်းစန်းဝင်း ၉/အမရ(နိုင်)၀၁၀၀၉၄၏ အမည်မှန်မှာ ဒေါ်စန်းစန်းမွေး ဖြစ်ပါကြောင်း။

ဒေါ်စန်းစန်းမွေး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်+ဒေါ်ခင်သန့်စင်တို့၏သားငယ်

ဗိုလ်ကြီးသန့်စင်လှိုင် B.E (Mechanical) (D.S.T.A)

တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ်(၁၇/စီ)နေ
ဦးသိန်းဇော် Director (Hundred Smiles Co., Ltd.)+
ဒေါ်ခင်နွယ်ငွေး Director (Hundred Smiles Co., Ltd.)တို့၏သမီးကြီး

မအိန္ဒြေမြတ်ဇော်(ခ)စနိုး

Advance Diploma in Interior Design

(Raffle Design Institute, Singapore)

တို့၏ ၁၅-၅-၂၀၁၀ရက် (စနေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မေတ္တာများဖြင့် ကြွရောက်ချီးမြှင့်အပ်ပါသော မိဘဆရာသမားများ၊ နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၁၅-၅-၂၀၁၀ရက် Traders Hotel(Pool-side) တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညစာ စားပွဲသို့ တက်ရောက်ချီးမြှင့်အားပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန့်စင်လှိုင်-မအိန္ဒြေမြတ်ဇော်။



ရောင်းမည်

သန်လျင်မြို့တွင် လက်ရှိလုပ်ငန်းလည်ပတ်နေသော ထုတ်လုပ်ခွင့်ရသောက်ရေသန့်စက်ရုံ ရောင်းမည်။ ပင်မစက်ရုံ RC-တစ်ထပ်(၅၀×၃၄)ပေနှင့် လူနေအိမ် နံကပ်တစ်ထပ်(၃၄×၁၈)ပေ၊ ရေသန့်စက်ပစ္စည်းအစုံ။

ဆက်သွယ်ရန် - ဖုန်း-၀၁-၇၃၀၁၄၆၄၀။

ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့်ရောင်းမည်

အိမ်တွင်းမိသားစုလုပ်ငန်း၊ ရှေ့ပန်းထိမ်လုပ်ငန်း၊ ရေသန့်လုပ်ငန်းများ လုပ်ကိုင်နိုင်သည့် ဂိုဒေါင်ကျယ်တစ်လုံးပါသော အဆင့်မြင့်ပြင်ဆင်ပြီး RC နှစ်ထပ်တိုက်ဖြစ်သည်။ တောင်ဥက္ကလာပ၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့် ကျောချင်းကပ်၊ ကတ္တရာလမ်းသွယ်ပေါ်ရှိ တယ်လီဖုန်း၊ ဂျိုးဖြူရေ၊ အဝီစိရေ၊ 3 Phase ပါဝါမီတာတစ်လုံး၊ ရိုးရိုးမီတာနှစ်လုံးပါဝင်၍ ၄၆ပေနှင့် ပေ ၆၀ မြေကွက်ပေါ်တွင် တည်ရှိသည်။ ဈေးနီး ကျောင်းနီးဖြစ်သည်။

ညှိနှိုင်းဈေး-ကျပ်သိန်း ၆၅၀။
ဖုန်း-၅၆၉၀၁၄၊ ၀၉-၈၀-၃၂၄၂၅၊ ၀၉-၅၁-၅၄၆၁၅။

ပျောက်ဆုံးကြောင်း

OUR TREASURE LAND Co., Ltd. ၏ ကုမ္ပဏီမှတ်ပုံတင် (ထသက) FORM V-1 နှင့် FORM XXV-1 စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ငွေသွင်းပြေစာ မူရင်းများသည် ၁၂-၅-၂၀၁၀ရက်တွင် ပျောက်ဆုံးသွားပါ၍ အကြောင်းကြားပါရန်။

ဖုန်း-၃၈၉၃၀၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မင်းဆွေ၏ နိုင်ငံကူးလက်မှတ် A-060368 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၆၃-၆၀၃၃၅။

သန်လျင်မြို့နယ် ကုလားဝဲကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် အဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ကုလားဝဲကျေးရွာနေ ပြည်သူများသို့ မေ ၁၃ရက်က ရေပေးဝေလျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကင်းပုံကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

ဝမြို့ မေ ၁၇

ဝမြို့နယ် ကင်းပုံကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကင်းပုံကျေးရွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်လင်းဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးတို့က စာကြည့်တိုက်ဖြစ်မြောက်လာပုံနှင့် စာကြည့်တိုက်ခိုင်မာရှင်သန်ရေး ဆွေးနွေး ဟောပြောကြပြီး လင်းရောင်ခြည် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း ၆၅၅အုပ်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများကို စေတနာရှင်များက လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘရာဇီးနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ် . . . .

နိုင်ငံတကာသတင်းအက်ဆေး **တိုး-ရေးသားသည်**

ဘရာဇီးနိုင်ငံသည် တောင်အမေရိကတိုက်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ တောင်အမေရိကတိုက်တွင် ဩဇာတိက္ကမအကြီးဆုံးနိုင်ငံလည်းဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

သို့သော် အခြားသော တောင်အမေရိကနိုင်ငံအချို့နည်းတူ ဤနိုင်ငံသည် စီးပွားရေးစန်းပွင့်ချိန်နှင့် ပျက်စီးအဆုံးသတ်သွားရသည့် သမိုင်းရှိခဲ့သည်။ ဤနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ငွေကြေးအဆမတန်ဖောင်းပွမှုနှင့် နိုင်ငံခြားကြွေးမြီများက အဟန့်အတားဖြစ်စေခဲ့သည်။ ဘရာဇီးနိုင်ငံ၌ အများအပြားတည်ရှိနေသော အမေဇုန်သစ်တောများကို ထုတ်ယူသုံးစွဲခြင်းမှာ အဓိကစိုးရိမ်စရာတစ်ခု ဖြစ်လာရသည်။

ဝင်ရောက်အခြေချ

သမိုင်းကိုပြန်ကြည့်လျှင် ဤဒေသအတွင်း ၁၅၀၀ ပြည့်နှစ်တစ်ဝိုက်က ပေါ်တူဂီပိုင်မြေရှိခဲ့ရာမှ ၁၈၂၂ ခုနှစ်တွင် ပေါ်တူဂီဘုရင့်သားတော်က ပေါ်တူဂီလက်အောက်မှ လွတ်လပ်ရေးကြေညာပြီး သူ့ကိုယ်သူ ဘရာဇီးဧကရာဇ် ပထမပီတာဘုရင်ဟု ကြေညာလိုက်သည်။ ၁၈၈၈ ခုနှစ်တွင် ကျွန်စနစ်ဖျက်သိမ်းသည်။ ၁၀ နှစ်အတွင်း ဥရောပတိုက်သားများ အစုအပြုံလိုက် ဝင်ရောက်အခြေချလာကြသည်။

အာဏာသိမ်း

၁၈၈၉ ခုနှစ်တွင် ဘုရင်စနစ်ဖျက်သိမ်းပြီး သမ္မတနိုင်ငံထူထောင်သည်။ အစိုးရက ကော်ဖီလုပ်ငန်းကို ထိန်းချုပ်လိုက်သည်။ ၁၉၀၂ ခုနှစ်တွင် ကမ္ဘာ့ကော်ဖီ ၆၅ ရာခိုင်နှုန်းကို ဤနိုင်ငံကထုတ်လုပ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် တော်လှန်ပုန်ကန်ပြီး ယာယီတော်လှန်ရေးအစိုးရကို ဗားဂတ်စ်က ဦးဆောင်သည်။ ၁၉၃၇ ခုနှစ်တွင် ဗားဂတ်စ်သည် စစ်တပ်၏ကျောထောက်နောက်ခံဖြင့် အာဏာရှင်ဆန်ဆန်အုပ်ချုပ်လာသည်။ ၁၉၄၅ ခုနှစ်တွင် ဗားဂတ်စ်အား စစ်တပ်ကဖြုတ်ချအာဏာသိမ်းသည်။ ၁၉၅၁ ခုနှစ်တွင် ဗားဂတ်စ်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ သို့သော် စစ်တပ်၏အကျပ်ကိုင်မှုကြောင့် ၁၉၅၄ ခုနှစ်တွင် သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။

၁၉၅၆-၁၉၆၁ ခုနှစ်များတွင် ကူဘစ်ရှက်သမ္မတဖြစ်လာသည်။ စီးပွားရေးလျင်မြန်စွာ တိုးတက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကွာဒရော့ သမ္မတဖြစ်လာသည်။ သို့သော် လအနည်းငယ်အကြာတွင် ရာထူးမှနုတ်ထွက်သဖြင့် လက်ဝဲဝါဒီ ဒုတိယသမ္မတဂူလတ် သမ္မတ ဖြစ်လာသည်။ ၁၉၆၄ ခုနှစ်တွင် သမ္မတဂူလတ်ကို သွေးထွက်သံယိုမရှိ အာဏာသိမ်းဖြုတ်ချသည်။

၁၉၇၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အာနက်စတိုသမ္မတဖြစ်လာသည်။ ၁၉၈၂ ခုနှစ်တွင် ကမ္ဘာပေါ်၌ အများဆုံးကြွေးမြီတစ်ခုဖြစ်သည့် နိုင်ငံခြားကြွေးမြီပေးဆပ်မှုကို ဤနိုင်ငံက ရပ်ဆိုင်းလိုက်သည်။

၁၉၈၅ ခုနှစ်တွင် ၂၁ နှစ်အတွင်း ပထမဆုံးသော အရပ်သားတစ်ဦးကို သမ္မတအဖြစ် ရွေးချယ်တာဝန်ပေးလိုက်သည်။ သို့သော် အရွေးခံရသူ နေဗက်မှာ ဖျားနာပြီး ရာထူးလက်မခံရမီ ကွယ်လွန်သွားသည့်အတွက် ဒုတိယသမ္မတဆာနေးက သမ္မတရာထူးဆက်ခံသည်။ စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့ရသည်။

ရပ်ဆိုင်း

၁၉၈၉ ခုနှစ်တွင် ဖာနန်ဒိုကက်လာ သမ္မတအဖြစ်ရွေးချယ်ခံရသည်။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သမ္မတကို တိုက်ရိုက်မဲပေးရွေးချယ်ခြင်းဖြစ်သည်။ နိုင်ငံခြားကြွေးမြီပေးဆပ်မှုကို ရပ်ဆိုင်းလိုက်ရပြန်သည်။

၁၉၉၄ ခုနှစ်တွင် မစ္စတာကာဒိုဆို သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၉၈ ခုနှစ်တွင်လည်း ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၂ ခုနှစ် မတ်လတွင် လယ်ယာမဲ့အလုပ်သမားများ လှုပ်ရှားမှုအဖွဲ့မှ အဖွဲ့ဝင်များက မြေယာပြုပြင်ရေးတောင်းဆိုကြသည်။

ဤဒေသအတွင်း ၁၅၀၀ ပြည့်နှစ်တစ်ဝိုက်က ပေါ်တူဂီပိုင်မြေရှိခဲ့ရာမှ ၁၈၂၂ ခုနှစ်တွင် ပေါ်တူဂီဘုရင့်သားတော်က ပေါ်တူဂီလက်အောက်မှ လွတ်လပ်ရေးကြေညာပြီး သူ့ကိုယ်သူ ဘရာဇီးဧကရာဇ် ပထမပီတာဘုရင်ဟု ကြေညာ၊ ၁၈၈၈ ခုနှစ်တွင် ကျွန်စနစ်ဖျက်သိမ်း၊ ၁၀နှစ်အတွင်း ဥရောပတိုက်သားများ အစုအပြုံလိုက် ဝင်ရောက်အခြေချလာကြ။

ကြွေးကြော်

၂၀၀၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံက ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထိုနှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲတွင် လူလာဟုလူသိများသူ လက်ဝဲဝါဒီအင်နာစီယိုလူလာဒါဆီးလ်ဗားအနိုင်ရသည်။ လူဦးရေ ၁၇၁ သန်းရှိ ဤနိုင်ငံ၌ နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲပစ်မည်၊ ငတ်မွတ်မှုတိုက်ဖျက်ဖယ်ရှားပစ်မည်ဟု လူလာကကြွေးကြော်သည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံက ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့နှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နေရာတွင်ပါဝင်ရေး အဆိုပြုသည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဤနိုင်ငံက ပထမဆုံး အာကာသဒုံးပျံကို ပစ်လွှတ်ခဲ့သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ သမ္မတရွေးကောက်ပွဲတွင် သမ္မတလူလာပြန်လည်ရွေးချယ်ခံရသည်။ သမ္မတလူလာလက်ထက်တွင် စီးပွားရေးမှန်မှန်တိုးတက်သည်။ သစ်တောထိန်းသိမ်းမှုလည်း စည်းကမ်းကြပ်မတ်ပြုလုပ်သည်။ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ဤနိုင်ငံမှ သံသတ္တုလုပ်ငန်းကို နိုင်ငံခြားတိုင်းပြည်များက အထူးအာရုံစိုက် တန်ဖိုးထားကြသည်။

စံပြုလောက်

ပြည်သူ့ကျန်းမာရေးကဏ္ဍကို အလေးပေးဆောင်ရွက်သည့်အထဲတွင် ဤနိုင်ငံ၏ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ စံပြုလောက်အောင် အထူးအောင်မြင်သည်။ တစ်ချိန်က တောင်အမေရိကတစ်တိုက်လုံးတွင် ဩဇာအရှိန်အဝါကြီးမားခဲ့သည့် သမိုင်းအစဉ်အလာရှိသော ဤဘရာဇီးနိုင်ငံသည် ဆင်းရဲချမ်းသာကွာဟမှုမရှိ တစ်ပြေးညီ ချမ်းသာလာမည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဘဝဒဿန

✻ *Every time you perform a task, try to excel your last performance, and very soon you will excel those around you.*

- *လုပ်ငန်းတစ်ခုကို သင်ဆောင်ရွက်သည့်အခါတိုင်း သင်နောက်ဆုံးဆောင်ရွက်ခဲ့သော လုပ်ငန်းထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းနေမည်ဆိုပါက မကြာမီ သင်သည် ပတ်ဝန်းကျင်၌ ရှိနေသူများထက် ပိုမိုထူးချွန်လာမည်မှာ အမှန်ပင်။*

✻ *Opulence without effort is a hope without fulfillment.*

- *အားထုတ်မှုကင်းပြီး ချမ်းသာကြွယ်ဝလိုခြင်းသည် စွမ်းဆောင်ဖြည့်ဆည်းမှုမပါသည့် မျှော်လင့်ချက်ဖြစ်သည်။*

✻ *If you look around, you can always find someone who is worse off than yourself. Be grateful you aren't in his shoes.*

- *အကယ်၍ သင့်ပတ်ဝန်းကျင်ကို ကြည့်မည်ဆိုပါက သင့်ထက်အခြေအနေဆိုးရွားနေသူတစ်ဦးဦးကို အမြဲတမ်းတွေ့နိုင်ပေသည်။ သူ့နေရာ၌ သင်ရောက်ရှိမနေသည်ကို ကျေနပ်လက်ခံပါလေ။* (ချားလ်ဝီလျံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ကမ္ဘာ့တန်ဖိုးအကြီးဆုံးတံဆိပ်ခေါင်း

ဆွီဒင်နိုင်ငံမှ အသက် ၁၄နှစ်အရွယ် ကျောင်းသူတစ်ဦး၏အဘွား သိမ်းဆည်းထားခဲ့သည့် တံဆိပ်ခေါင်းဖြစ်သည်။ မကြာမီက ကျင်းပခဲ့သော လန်ဒန်မြို့တံဆိပ်ခေါင်းပွဲတော်၌ ပြသခဲ့ခြင်းဖြစ်သည်။ တံဆိပ်ခေါင်းမှာ အဝါရောင်ဖြစ်ပြီး ၁၈၅၅ခုနှစ်က ဆွီဒင်နိုင်ငံ၌ စတင်အသုံးပြုခဲ့သည့် တံဆိပ်ခေါင်းဖြစ်သည်။ ယင်းတံဆိပ်ခေါင်းကို ၁၉၉၆ခုနှစ်က လေလံတင်ရောင်းချခဲ့ရာ ပေါင် ၁ဒသမ ၇သန်း ရရှိခဲ့သည်။ ဝယ်ယူခဲ့သူမှာ ဒိန်းမတ်နိုင်ငံသားတစ်ဦးဖြစ်သည်။ (အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

ပင်လယ်သတ္တဝါရုပ်ကြွင်း အများဆုံးစုဆောင်းသူ

ဩစတြေးလျနိုင်ငံသား ဟယ်လီဂျော်ဂျင်ဆန်အမည်ရှိ အမျိုးသားတစ်ဦးသည် ပင်လယ်သတ္တဝါတို့၏ ရှားပါးရုပ်ကြွင်းများကို နှစ်ပေါင်း ၂၀ကြာမျှ စုဆောင်းရှာဖွေသိမ်းဆည်းခဲ့သည်။ ပင်လယ်သတ္တဝါတို့၏ ရှားပါးရုပ်ကြွင်းများမှာ တစ်ခုနှင့်တစ်ခု အမျိုးအစားမတူချေ။ ပင်လယ်သတ္တဝါတစ်ကောင်ချင်း၏ ကွဲပြားသောရုပ်ကြွင်းများဖြစ်သည်။ ဂျော်ဂျင်ဆန်စုဆောင်းထားသော ပင်လယ်သတ္တဝါရုပ်ကြွင်း အရေအတွက်မှာ စုစုပေါင်း ၅၀၀၈ခုရှိရာ ကမ္ဘာပေါ်၌ ပင်လယ်သတ္တဝါရုပ်ကြွင်းအများဆုံး စုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ) (အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အသက်အငယ်ဆုံး လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ခွင့်ရသူ

အိန္ဒိယနိုင်ငံသား အသက် ၁၈နှစ်အရွယ် ဘာဗီကာအမည်ရှိ လူငယ်သည် နိုင်ငံတကာ လေကြောင်းလိုင်းများတွင် လေယာဉ်မှူးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် လိုင်စင်ကို မကြာမီက တရားဝင်ရရှိခဲ့ရာ ကမ္ဘာပေါ်၌ အသက်အငယ်ဆုံး လေယာဉ်မှူး လိုင်စင်ရသည့် လူငယ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အပေါ်ပုံ) (အင်တာနက်)

သုတအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ပေါင်မြို့နယ် ကော့ကဒိုက်ကျေးရွာ၌ကျင်းပ

ပေါင် မေ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကဒိုက်ကျေးရွာအုပ်စု ကျုံဝကျေးရွာတွင် သုတအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်မျိုးစုံလှူဒါန်းပွဲအခမ်းအနားကို မေ ၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပေါင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေး (ကော့ကဒိုက်)၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အဆိုပါစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက သုတရသ စာအုပ်မျိုးစုံ အုပ် ၁၀၀နှင့် ဂျာနယ်၊ နေ့စဉ်ထုတ်သတင်းစာစောင်ရေ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် ခိုင်မာရှင်သန်ရေး စာအုပ်လှူဒါန်းပွဲကျင်းပ

ဝက်လက် မေ ၁၅

စံ(၅)ချက်ညီ စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စာအုပ်လှူဒါန်းပွဲကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်ရှေ့၌ ဧပြီ ၂၄ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်၊ ရန်ကုန်မြို့မှ အလှူရှင် ဦးအောင်မြင့်ဦး၊ ဒေါ်ယဉ်နုမိသားစုနှင့် ရွာသူ ရွာသားများ တက်ရောက်ကြသည်။ ရှေးဦးစွာ အလှူရှင် ဦးအောင်မြင့်ဦးက စာအုပ်လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်က စံ(၅)ရပ်ညီ စာကြည့်တိုက်အကြောင်း အကျယ်တဝင့် ရှင်းလင်းပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးလုံးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးအောင်မြင့်ဦးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်တို့က စာကြည့်တိုက်မှူး ဦးနိုင်ဝင်းထံ သုတ ရသ စာအုပ်ပေါင်း ၅၀၀ ကို လှူဒါန်းကြသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ မေ ၄ရက်က သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြ၊ ကျေးလက်လမ်း၊ တံတား ရေပေးဝေရေး လုပ်ငန်းများ၊ မြို့သာယာလှပရေးလုပ်ငန်းများနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ဩဘာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးကြရာ အမှုဆောင်အရာရှိ ဦးခင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် မျှော်တောစံပြကျေးရွာ ပညာပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပြင်ဦးလွင် မေ ၁၄

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မျှော်တောစံပြကျေးရွာ ပညာပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၄ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အစီအစဉ်အရ မျှော်တောကျေးရွာ ကျောင်းတိုက်ဆရာတော် ပညာပါရမီစာကြည့်တိုက် နာယက ဘဒ္ဒန္တဓမ္မပီယက ဩဝါဒစကားချီးမြှင့်ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးရေးကို ရှင်းလင်းပြောကြားပြီး စာရေးဆရာအောင်သျှံဝိုင်း (ကျိုက်မရော)က စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများအကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပညာပါရမီ စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းက သုတရသစာအုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းက သုတရသ စာအုပ် ၁၅၀၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ဌေးကျော်က ဂျာနယ် အစောင် ၁၅၀၊ စာရေးဆရာ အောင်သျှံဝိုင်း (ကျိုက်မရော)က ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူပြီး ရပ်မိရပ်ဖ ဦးကျော်စွာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပညာပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးလင်းနှင့် မျှော်တောစံပြ ကျေးရွာဥက္ကဋ္ဌ ဦးကြည်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ခရမ်းစပ်ကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးအဖွဲ့ အခမဲ့ကွင်းဆင်းကုသပေး

နေပြည်တော် မေ ၁၇

နေပြည်တော်တပ်ကုန်း မြို့နယ်တိုင်းရင်းဆေးဆရာများအသင်း၏ စီစဉ်မှုဖြင့် အသင်းအတွင်းရေးမှူး ဒေါ်ခင်မာလွင် ဦးဆောင်သော ဆရာ ဆရာမအဖွဲ့သည် မေ ၁၂ရက်က နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာရှိ မီးဘေးသင့် ပြည်သူ ၁၄၄ဦးတို့အား တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး ရောဂါအလိုက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသမှုများ ဆောင်ရွက်ကြသည်။ (ဝ၉၁)

မြို့နယ် သတင်း ထွေတလာ

ပေးအပ်လှူဒါန်း

သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ၌ ဧပြီ ၁၉ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာတွင် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သော မိသားစုများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဒေါက်တာကျော်ဇင်ဦးတို့က ဆန်အိတ်၊ ခြင်ထောင်၊ စောင်၊ ဒန်အိုး ဒန်ခွက်များနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှုမရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဆေးရေးလို့မမီသည့် သဘာဝပန်းချီကားတစ်ချပ် (သို့မဟုတ်) အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်

သတင်းဆောင်းပါး-ရန်ကြီးအောင် | ဓာတ်ပုံ-ကျော်ဇေယျ | စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

နေပြည်တော် မေ ၁၇

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်။

မိမိတို့သတင်းအဖွဲ့သည် မုံရွာမြို့မှ သူငယ်ချင်း ကိုမျိုးဇော်၏ စီစဉ်ပေးမှုဖြင့် အလောင်းတော်ကဿပသို့ မကြာမီက ရောက်ရှိခဲ့သည်။ မုံရွာမြို့တွင် တစ်ညတာခိုနားပြီး နောက်တစ်နေ့ မနက်စောစောတွင် ကားဖြင့် ခရီးနှင်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အဝါရောင်အဆင့်သတ်မှတ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားလာခြင်းမရှိ

နေပြည်တော် မေ ၁၇

ယနေ့ ညနေ ၄နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် (၅၅၀)ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် ကနဦးတွင် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားခြင်းမရှိဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

သောက်သုံးရေရှားပါးမှုနှင့်ရင်ဆိုင်နေရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ *